ကြေးမုံ The Mirror

၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့၊ (24-6-2008) (၅၇၁၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖျာပုံမြို့နယ်နှင့် လပွတ္တာမြို့နယ်များသို့ သွားရောက် ကျေးရွာများ ပြန်လည်တည်ဆောက်မှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှု နိုင်ငံတော်၏ ထောက်ပံ့ပေးမှုများကို အခြေခံ၍ လူနေမှုဘဝများ မြင့်မားလာအောင် ကြိုးကြိုးစားစားလုပ်ရန် မှာကြား

နေပြည်တော် ဇွန် ၂၃

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့ နံနက် ၈ နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ဖျာပုံမြို့သို့ ရောက်ရှိသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဖျာပုံမြို့မှ ဖျာပုံမြို့နယ် အမာမြို့သို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်သွားရောက်ကြပြီး လမ်းတစ်လျှောက် နယ်မြေများရှိ မြို့ရွာများအခြေအနေနှင့် မိုးစပါးစိုက်ပျိုးရေးအတွက် ထွန်ယက်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမာမြို့သို့ နံနက် ၉ နာရီခွဲတွင် ရောက်ရှိကြပြီး ရှေးဦးစွာ ကြိုဆိုနှုတ်ဆက်ကြသည့် ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသ၏ အုပ်ချုပ်ရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်မှုများကို မေးမြန်းကာ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံပြီး အသင်းဝင်အင်အားအခြေအနေများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်နိုင်မှုများကို မေးမြန်းကာ လူမှုရေးအသင်းအဖွဲ့များ၏ မွန်မြတ်သောရည်ရွယ်ချက်များနှင့်အညီ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဦးဆောင်ပါဝင်၍ တက်တက်ကြွကြွဖြင့် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ဝေပုလ္လကာရီတောရကျောင်းမှ ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လေမုန်တိုင်းကြောင့် ဘုန်းကြီးကျောင်းပျက်စီးမှုအခြေအနေကို မေးမြန်းလျှောက်ထားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဒေသ၏ အခြေအနေများ၊ အသက်မွေးဝမ်းကျောင်းအလိုက် လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို မေးမြန်းသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်၊ ကျန်းမာရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့က ကမကထပြုသည့် နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများသို့ ကွင်းဆင်းဆေးအကာအကွယ်ပေး ကုသခဲ့သည့် ဆေးကုသရေးအဖွဲ့များ၏ အကြံပြုချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း လေဘေးသင့်ပြည်သူများအား ဆေးဝါးကုသပြုစုပေးနိုင်ရန် အရေးပေါ် ဆေးကုသမှုအဖွဲ့ ခုနစ်ဖွဲ့ကို အထူးကုဆေးအဖွဲ့များအဖြစ် စေလွှတ်ခဲ့ ယခုအချိန်ထိ ဆေးကုသရေး၊ ကာကွယ်ရေး၊ စိတ်ပိုင်းဆိုင်ရာမြှင့်တင်ရေး ဆောင်ရွက်ပေးနေ

ရန်ကုန် ဇွန် ၂၃

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂတို့ ပူးပေါင်းပါဝင်ဖွဲ့စည်းထားသည့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့က ကမကထပြုသည့် နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများသို့ ကွင်းဆင်းဆေးအကာအကွယ်ပေးကုသခဲ့သည့် ဆေးကုသရေးအဖွဲ့များ၏ အကြံပြုချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Tripartite Core Group Workshop on Medical Missions Feed-Back) ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချတ်ထရီယံဟိုတယ် Grand Ballroom ၌ ကျင်းပရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ကျန်းမာရေးဆပ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့-အဖွဲ့ဝင်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❁

အတည်ပြုချိန် ၃း၁၀

ကြေးမုံ
The Mirror
၂၄-၆-၂၀၀၈
(အင်္ဂါနေ့)

စက်မှုဇုန်များ ထုတ်လုပ်မှု တိုးတက်ရေး အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်

ယခုအခါ နိုင်ငံတစ်ဝန်း၌ ခေတ်မီစက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများ၊ သွင်းကုန်အစားထိုးစက်ရုံသစ်များကို တိုးချဲ့တည်ဆောက်လျက်ရှိသည်။ တစ်ချိန်တည်းတွင် စက်မှုဇုန်များ၊ စက်မှုနယ်မြေများ ထူထောင်ရေး အားပေးလျက်ရှိရာ စက်မှုကဏ္ဍ ထုတ်လုပ်မှုအလားအလာကောင်းများ ဖြစ်ထွန်းနေသည်။

စက်မှုကဏ္ဍ ဖွံ့ဖြိုးလာမှုနှင့်အတူ နည်းပညာနှင့် ထုတ်လုပ်မှု မြင့်မားသည့် စက်ရုံ၊ အလုပ်ရုံများကို စက်မှုနယ်မြေအလိုက် ထူထောင်လျက်ရှိရာ ကုန်ထုတ်လုပ်မှုနည်းပညာသစ်များ ရရှိလာပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိမှုများလည်း တိုးပွားနေပြီဖြစ်သည်။

နိုင်ငံတော်က ယင်းသို့ တိုးတက်များပြားလာသော စက်မှုဇုန်များ၊ စက်မှုနယ်မြေများရှိ စက်ရုံ၊ အလုပ်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးလျက်ရှိသည်။ တစ်ဖက်မှလည်း စက်ရုံ၊ အလုပ် ရုံ၊ ကာယ၊ ဉာဏအလုပ်သမားများ၏လုပ်ငန်းခွင်သာယာရေး၊ သက်သာချောင်ချိရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး စသည့်အလုပ်သမားများ၏ ရပိုင်ခွင့်များ ရရှိစေရေးအတွက် စောင့်ရှောက်ပေးလျက်ရှိသည်။

ရန်ကုန်တိုင်းအတွင်း စက်မှုဇုန်များ၌ စက်ရုံ၊ အလုပ်ရုံနှစ်ထောင်ကျော် လည်ပတ်လျက်ရှိရာ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ မင်္ဂလာဒုံစက်မှုဇုန်၌ စက်ရုံများစွာ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လျက်ရှိရာ မှန်ဘီလူးအမျိုးမျိုးထုတ်လုပ်သည့် စက်ရုံကို ၂၀၀၄ ခုနှစ်မှစတင်၍ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဝန်ထမ်းများ လုပ်ငန်းအလိုက် အရည်အသွေးမြင့်မားရေးအတွက် သင်တန်းများပို့ချပေးလျက်ရှိသည်။

ထို့အတူ ရွှေပြည်သာမြို့နယ် သစ်အခြေခံစက်မှုဇုန်၌ သစ်အချောထည်နှင့်ပရိဘောဂလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ ယခုအခါ ကုမ္ပဏီအချို့က လေဘေးသင့်ဒေသပြည်သူများ နေထိုင်နိုင်ရေးအတွက် လိုအပ်နေသည့် နေအိမ်များ ပြန်လည်တည်ဆောက်နိုင်ရေး စီစဉ်ထုတ်လုပ်လျက်ရှိသည်ကို တွေ့ရသည်။

နိုင်ငံတော်တွင် စက်မှုနယ်မြေများ၊ စက်မှုဇုန်များနှင့်ခေတ်မီစက်ရုံ၊ အလုပ်ရုံအသစ်များစွာကို ရင်းနှီးမြှုပ်နှံ ထူထောင်လုပ်ကိုင်လျက်ရှိရာ စက်ရုံ၊ အလုပ်ရုံအလိုက် ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက်မြင့်မားရေး အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ။

ဆရာတော် ဦးသုမင်္ဂလ တရားပွဲ

ရန်ကုန် ဇွန် ၂၃

မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် မိဂဒါဝုန်ကျောင်းတိုက် မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာ ဆရာတော် ဦးသုမင်္ဂလ အရှင်သူမြတ်သည် မြောက်ဥက္ကလာပမြို့နယ် မြောက်ဥက္ကလာပစက်မှုဇုန် အမရာလမ်း သုခကာရီမဏ္ဍပ်ရုံကြီး၌ ဇွန် ၂၄ ရက်နှင့် ၂၅ရက်တို့တွင်လည်းကောင်း၊ ဗဟန်းမြို့နယ် ကြားတောရလမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ကြေးသွန်းဘုရားကြီးအနီး မင်္ဂလာဈေး မဏ္ဍပ်ရုံကြီး၌ ဇွန် ၂၆ ရက်မှ ၂၈ ရက်ထိ လည်းကောင်း ညစဉ် ၇ နာရီမှစ၍ ခန္ဓာဉာဏ်ရောက်သစ္စာဆိုက်အောင် ဟောကြားမည်ဖြစ်ပါ၍ ဓမ္မမိတ်ဆွေများအား ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် လမ်းသစ်ရိပ်သာနေ ဦးဆန်းရှိန်-ဒေါ်ခင်ဘုန်းမြင့်တို့၏ နှစ် (၃၀)မြောက် မင်္ဂလာပုလဲရတု အထိမ်းအမှတ် အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ် ၁၁၅၀၀၀ လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဦးဝင်းလွင် လက်ခံယူစဉ်။ (က-ပ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အရည်အသွေးမြင့်ထရန်စဖော်မာများ ထုတ်လုပ်ထားမှု ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၃

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇွန် ၂၂ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်း တောင်ဒဂုံစက်မှုဇုန် (၁)ရှိ Soe Electric & Machinery Co., Ltd.သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးနှင့်အဖွဲ့အား ကုမ္ပဏီအမှုဆောင်ဒါရိုက်တာ ဦးကျော်မင်းထွန်းက နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝသော ထရန်စဖော်မာ အရွယ်အစားအမျိုးမျိုး ထုတ်လုပ်မှုအခြေအနေနှင့် သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှ အပ်နှံထားရှိသော ရေနွေးငွေ့တာဘိုင် ဂျင်နရေတာ Rotor အကြီးစားပြုပြင်မှုများနှင့် အဆင့်ဆင့်စစ်ဆေးစမ်းသပ်မှုများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဓာတ်ငွေ့ရေနွေးငွေ့သုံး ဓာတ်အားပေးစက်ရုံများဌာန အင်ဂျင်နီယာချုပ် ဦးသန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှု များအပေါ် ဝန်ကြီးက အရည်အသွေးမြင့်မားသည့် လျှပ်စစ်သုံး ပစ္စည်းများနှင့် ထရန်စဖော်မာများ ထုတ်လုပ်ဖြန့်ဖြူးပေးရေး အလေးထားဆောင်ရွက်သွားရန်၊ ပြုပြင်လျက်ရှိသည့် ဂျင်နရေတာ Rotor ကို စနစ်တကျ စစ်ဆေးတိုင်းတာစစ်ဆေးခြင်းများနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးစေရေးအတွက် ကြိုးပမ်းဖော်ဆောင်သွားကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ထုတ်လုပ်ပြီးသော အရည်အသွေးမြင့် ထရန်စဖော်မာ အမျိုးမျိုးနှင့် စက်များကြံ့ခိုင်မှု စစ်ဆေးဆောင်ရွက်ထားရှိမှုအခြေအနေ၊ နိုင်ငံတကာအဆင့်မီ အကြီးစားထရန်စဖော်မာများထုတ်လုပ်ရန် တွင်ခုံများ ရောက်ရှိမှု၊ ထရန်စဖော်မာများ ထုတ်လုပ်ရန် စက်ရုံအသစ် အဆောက်အအုံ ဆောက်လုပ်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့် ရန်ကုန်တိုင်း တောင်ဒဂုံ စက်မှုဇုန် (၁)ရှိ Soe Electric & Machinery Co., Ltd. တွင် ကြည့်ရှုစစ်ဆေးစဉ်။

(အမှတ်-၂ လျှပ်စစ်)

၂၀၀၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီ စာကုံးပြိုင်ပွဲ တက္ကသိုလ်/ကောလိပ်အဆင့်ပြိုင်ပွဲများကို နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ် (စုဝေး)ခန်းမ၌ ကျင်းပရာ ၂၀၀၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းတို့ ကြည့်ရှုအားပေးစဉ်။(သတင်းစဉ်)

၂၀၀၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများ နေပြည်တော်၌ ကျင်းပ

နေပြည်တော် ဇွန် ၂၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများကို ဇွန် ၂၂ ရက် နံနက် ၉ နာရီတွင် အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်ပြိုင်ပွဲများကို နေပြည်တော် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း(ရွာတော်)၌ လည်းကောင်း၊ တက္ကသိုလ်/ကောလိပ်အဆင့်ပြိုင်ပွဲများကို နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ် (စုဝေး)ခန်းမ၌ လည်းကောင်း အသီးသီးကျင်းပသည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲ ကျင်းပရာနေရာများသို့ ၂၀၀၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးကြသည်။

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများတွင် "မိသားစုဘဝသာယာရေး မျိုးဆက်ပွားကျန်းမာရေး လက်တွေ့ဖော်ဆောင်ပေး" ဟူသောခေါင်းစဉ်ဖြင့် နေပြည်တော် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ သစ်တောတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်တို့မှ ကျောင်းသား၊ ကျောင်းသူ ၅၂ ဦး၊ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် နေပြည်တော်တပ်ကုန်းမြို့နယ်တို့မှ အခြေခံပညာ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၂၁ ဦးနှင့် အခြေခံပညာ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၉၇ ဦး စုစုပေါင်း ၂၇၀ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲများကို ပြည်နယ်နှင့်တိုင်းများရှိ သတ်မှတ်နေရာအသီးသီးတို့၌လည်း ဇွန် ၂၂ ရက်တွင် တစ်ပြိုင်တည်း ကျင်းပကြောင်း သိရသည်။ (သတင်းစဉ်)

ငါး၊ ပုစွန်ဒိုင်များ ပုံမှန်ဖွင့်လှစ်လျက်ရှိ

ရန်ကုန် ဇွန် ၂၃

လပွတ္တာမြို့နယ် ဆင်ခြေရာကျေးရွာအုပ်စုရှိ ဉယျာဉ်ကုန်းကျေးရွာ၌ ငါး၊ ပုစွန်ဒိုင်များ ပုံမှန်ဖွင့်လှစ် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်ထံ မုန်တိုင်းသင့်ပြည်သူများအတွက် အမှတ် (၁) စက်မှုဝန်ကြီးဌာနနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသော **International Beverages Trading Co., Ltd.** မှ **Managing Director** ဦးအောင်မိုးကျော်က ငွေကျပ် ၆၇၂၀၀၀၀ တန်ဖိုးရှိ အပ်ချုပ်စက် အလုံး ၁၄၀ ကို ပေးအပ်လှူဒါန်းစဉ်။ (လူမှုဝန်ထမ်း)

ဘိုကလေးမြို့နယ်၌ လေဘေးသင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိ

ရန်ကုန် ဇွန် ၂၃

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဘိုကလေးမြို့နယ်လေဘေးသင့် ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်း အနာကြီး ရောဂါ ဆရာဝန်ကြီး ဒေါက်တာတင်မောင်အေး ဦးဆောင်ကာ အမျိုးသား တီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းမှ ဒေါက်တာ တင်မောင်ဆွေ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အမျိုးသားတီဘီရောဂါ အကြံပေးပုဂ္ဂိုလ် ဒေါက်တာမြင့်သောင်းနှင့်အတူ နယ်လှည့်ကွင်းဆင်းကုသရေးအဖွဲ့သည် ဘိုကလေးမြို့နယ်အတွင်းရှိ သွားလာရန် ခက်ခဲသော လေဘေးသင့်ကျေးရွာများသို့ ဇွန် ၁၂ ရက်မှ ၁၇ ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ နယ်လှည့်ကွင်းဆင်းကုသရေး အဖွဲ့တွင် ဘိုကလေးမြို့နယ်မှ အခြေခံကျန်းမာရေး ဝန်ထမ်းများ အပါအဝင် စုစုပေါင်းအဖွဲ့ဝင် ၁၅ ဦး ပါဝင်သည့် အဖွဲ့ နှစ်ဖွဲ့ခွဲကာ ဘိုကလေးမြို့နယ်အတွင်း သွားလာရန် ခက်ခဲသည့် အလယ်ချောင်းကျေးရွာ အုပ်စုမှ သာဖျံကျေးရွာ၊ ဘုရားကျောင်းကျေးရွာအုပ်စုမှ ရွာသာအေးကျေးရွာ၊ စက်ဆန်းကျေးရွာအုပ်စုမှ ပျဉ်ဘိုးလေးကျေးရွာ အပါအဝင် ကျေးရွာ ၃၅ ရွာသို့ သွားရောက်ကြပြီး တီဘီရောဂါနှင့် အနာကြီးရောဂါ လူနာများအား လိုက်လံရှာဖွေ၍ ဆေးဆက်လက်ကုသမှုခံယူနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ တီဘီ၊ အနာကြီးနှင့် ငှက်ဖျားရောဂါ လူနာသစ်ရှာဖွေဖော်ထုတ် ဆေးကုသပေးခြင်း၊ ကိုယ်ဝန်ဆောင်များနှင့် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးခြင်း၊ အားဆေးများတိုက်ကျွေးခြင်း၊ အထွေထွေရောဂါ လူနာများအား ကုသမှုပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းကွင်းဆင်းကုသရေးအဖွဲ့သည် ကျေးရွာများ၌ သောက်သုံးရေများ ကလိုရင်းဆေးခတ်ပေးခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် တီဘီ၊ အနာကြီး၊ အေအိုင်ဒီအက်စ်၊ ကာလသားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အကြောင်းများကို ကျေးရွာနေပြည်သူများအား ပညာပေးဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၌ တပ်မတော်သားများ၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ပါဝင်ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် မီးသတ်ဦးစီးဌာန (ရုံးချုပ်)သို့ ဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၂၃

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် စေတနာရှင်၊အလှူရှင်များက အလှူငွေများလှူဒါန်းလျက်ရှိရာ ဇွန် ၂၂ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီးရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) မေခလာခန်းမသို့ အမှတ် (၁) စက်မှုဝန်ကြီးဌာနနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသော International Beverages Trading Co., Ltd. မှ Managing Director ဦးအောင်မိုးကျော်က ငွေကျပ် ၆၇၂၀၀၀၀ တန်ဖိုးရှိ အပ်ချုပ်စက် အပြည့်အစုံ အလုံး ၁၄၀ ကို လည်းကောင်း၊ သန်လျင်တပ်နယ် တပ်နယ်မှူး ဒုတိယ ဗိုလ်မှူးကြီး မိုးအောင်က ငွေကျပ် ၄၈၀၀၀၀ တန်ဖိုးရှိ အပ်ချုပ်စက်အပြည့်အစုံ ၁၀ လုံးတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်း

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသများအတွက် ထောက်ပံ့ပစ္စည်းများလှူဒါန်း

ရန်ကုန် ဇွန် ၂၃

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းတည်ထောင်သူ အငြိမ်းစားပါမောက္ခ ဒေါ်ရီရီမြင့်၊ အတွင်းရေးမှူး ဒေါ်လှဝတီ၊ အလုပ်အမှုဆောင် ဒေါ်ခင်ဆွေမြင့်တို့ ဦးဆောင်သော အဖွဲ့သည် မော်လမြိုင်ကျွန်းမြို့နယ် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး ကြီးကြပ်ပံ့ပိုးရေးကော်မတီ၏ ကူညီပံ့ပိုးမှုဖြင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၊ မော်လမြိုင်ကျွန်းမြို့နယ် အသင်း (ဌာနေ)တို့၏ ပူးပေါင်းပါဝင်ကူညီမှုတို့နှင့်အတူ မော်လမြိုင်ကျွန်းမြို့နယ် ထိဆိပ်ဘုရားစုကျေးရွာနှင့် ရှောက်ချောင်း အုပ်စု ငွေဇင်ယော်ကျေးရွာရှိ ပျက်စီးသွားသော စာသင်ကျောင်းများအား ပြုပြင်ခြင်း၊ ယင်းကျေးရွာရှိ ကျောင်းမနေနိုင်သည့် မူလတန်းကျောင်းသား ၂၀ တို့အတွက် ပညာ့မိခင် အစီအစဉ်အဖြစ် သူငယ်တန်းမှ စတုတ္ထတန်းအထိ ကျောင်းနေ စရိတ်အလှူငွေနှင့် ကျေးရွာရှိ လေဘေးသင့်ပြည်သူများအတွက် စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ ရေသန့်ဆေး ပြား၊ ရေစစ်ပုံး၊ အဝတ်အထည်၊ စားသောက်ကုန်မျိုးစုံနှင့် ဆေးဝါးများကို ဖြန့်ဝေလှူဒါန်းခဲ့သည်။

ဖြန့်ဝေ

အလားတူ မော်လမြိုင်ကျွန်းမြို့ မြစ်တစ်ဖက်ကမ်းရှိ မြို့မ (၈) ရပ်ကွက် တုံးလုံချောင်းဒေသရှိ လေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၂၀ နှင့် ငွေကျပ် ၈၄၀၀၀၀ တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများ၊ ရေသန့်ဆေးပြား၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ ရေစစ်ပုံးနှင့် အခြားထောက်ပံ့ရေးပစ္စည်းများကို လေဘေးသင့် ပြည်သူများလက်ဝယ်အရောက် ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

စီးပွားရေးတက္ကသိုလ်(ရန်ကုန်) ကျောင်းသား၊ ကျောင်းသူဟောင်းများ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၃

စီးပွားရေးတက္ကသိုလ် (ရန်ကုန်) ၁၉၇၄-၇၈ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋကကျောင်းတော်၌ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ထည့်ဝင်လှူဒါန်းလိုသူများ ကိုလင်းကြည် ဖုန်း-၀၉၅၀၀၀၈၁၂၂၊ ကိုတင်လတ် ဖုန်း-၀၉၅၀၂၃၀၃၀၊ မစမ်းစမ်းဝင်း ဖုန်း-၀၉၅၀၁၁၇၆၀၊ မကြူကြူဝင်း ဖုန်း-၀၉၅၁၃၉၉၇၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၂၄)ဖြန့်ချီ

ရန်ကုန် ဇွန် ၂၃

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)အမှတ်(၂၄)တွင် **'လေဘေးသင့် မိတ်ဆွေများအတွက် ပေးစာများ'**အထူးသတင်းဆောင်းပါးနှင့်အတူ သဘာဝဘေးအန္တရာယ်တုံ့ပြန်ရင်ဆိုင်နိုင်ရန် ကမ်းရိုးတန်းနေ လူ့အဖွဲ့အစည်းများအား ပညာပေးမည်၊ ပျက်စီးသွားသော ကျောင်းများ ပြန်လည်ဆောက်လုပ်ရေး မည်သို့မျှအလှူခံခြင်း မပြုကြရန် ညွှန်ကြားထား၊ ဧရာဝတီ လေဘေးသင့်ဒေသများ လယ်ဧက တစ်သိန်းခွဲကျော် ပြန်လည်စိုက်ပျိုးပြီးစီးပြီဖြစ်၊ ၂၀၀၇-၂၀၀၈ အတွက် သဘာဝဓာတ်ငွေ့တင်ပို့မှု မြန်မာထိပ်ဆုံးမှရပ်တည်၊ လေဘေးကယ်ဆယ်ရေးအတွက် ပုဂ္ဂလိကလှူဒါန်းလိုသူများပြည်ပမှကုန်ပစ္စည်းများတင်သွင်းလိုပါက သွင်းကုန်ပါမစ်ကြိုတင်လျှောက်ထားနိုင်၊ မြန်မာနိုင်ငံ၏ လမ်းညွှန်ချက်အသစ်များမှာ ကယ်ဆယ်ရေး ကြိုးပမ်းဆောင်ရွက်မှုများအား ဟန့်တားစေမည်မဟုတ်၊ မြန်မာသည် ကမ္ဘာတွင် တတိယနှမ်းအများဆုံးစိုက်ပျိုး၊ စင်ကာပူကျောင်းတစ်ခုက မြန်မာကျောင်းသားများအတွက် ကျောင်းဝင်ကြေး လျှော့ချပေး၊ ကနေဒါတက္ကသိုလ် NBA ဘွဲ့ အခမဲ့ဝန်ဆောင်မှုပေးမည် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ **အကျင့်စာရိတ္တကို တောင်းဆိုခြင်း. . .** စသည့် မျက်မှောက်ရေးရာ သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ယူရို ၂၀၀၈ တွင် ဂျာမနီဗိုလ်စွဲနိုင်သည့် အချက်ကြီး (၁၀)ချက်၊ 'တာလီဘန်တွေကို ကျွန်တော့်ရဲ့ စစ်သားတွေဖြစ်စေချင်တယ်'အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းနှင့် တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ လူသား၏ သားအိမ်မှ မျိုးဥ ထွက်ပေါ်လာပုံကို မှတ်တမ်းတင်နိုင်ခဲ့ပြီ၊ ထိုင်းနှင့်အနာဂတ်ဆန်၊ လက်နက်ကိုင်ဓားပြ သုံးဦးက ပီကာဆို၏ ပန်းချီကားများကိုလုယက်၊ အီတာလျံ အမျိုးသမီး လက်မထပ်ဘဲ ကလေးရခဲ့၍ ၁၈နှစ်ကြာ လျှောင်ပိတ်ခံခဲ့ရ၊ ဂြိုဟ်စာရင်းပြုတ် ပလူတိုကို ပလူတွိုက်ဟု အမည်သစ်ပေး၊ လာအို၌ရိုက်ကူးထား သည့် ရုပ်ရှင်ကားကြောင့် ကာလရှည်ကြာနေပြီဖြစ်သည့် အတားအဆီး တချို့ကို ချေဖျက်နိုင်ခဲ့၊ ရာဇဝတ်မှုပပျောက်စေရန် ကျောင်းသားတို့ စုံထောက်သင်တန်းတက် စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empirer Media House က မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

စတုတ္ထအကြိမ်စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအတွက် အလှူငွေပေးအပ်

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကို ကရဝိက်နန်းတော်၌ ဇွန် ၂၈ ရက် နံနက်ပိုင်းမှ စတင်ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပေးအပ်လှူဒါန်း

ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအတွက် ဦးမောင်မောင်အေး (အလင်္ကာဝတ်ရည် အနုပညာလုပ်ငန်း)က ငွေကျပ် သိန်း ၂၀၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ် နှစ်သိန်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ် ငါးသိန်း၊ ဒေါက်တာဒေါ်ခင်ခင်ရီ (ရှိုင်းဟုတ်ကုမ္ပဏီ) က ငွေကျပ်သုံးသိန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက ကျော်ညွန့်ရည်စာပေတိုက်ပိုင်ရှင် ဦးကျော်ညွန့် (ကျော်ညွန့်ရည်)-ဒေါ်ဝါဝါကျော်တို့က ဗဟိုဦးစီးအစည်းအဝေးအတွက် အလှူငွေကျပ် သုံးသိန်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ဗဟိုဦးစီးအစည်းအဝေးအတွက် အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ရုံးတည်ရှိရာ အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့်ရှိ စာပေဗိမာန် ဒုတိယထပ် ဖုန်း-၂၅၂၄၁၇၊ ၃၈၅၂၇၃သို့ ရုံးချိန်အတွင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ်ရှိ ကျေးရွာများ မူလလုပ်ငန်းများ ပုံမှန်လုပ်ကိုင် လည်ပတ်နေ

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မော်လမြိုင်ကျွန်း မြို့နယ်ကား မြစ်ချောင်းပေါများသည်။ မည်သည့်နေရာသွားသွား ရေလမ်းခရီးချည်းသာ ဖြစ်သည်။ ယခုလည်း သတင်းအဖွဲ့လေဘေးဒဏ်ခံရသည့်ကျေးရွာများသို့ ခရီးထွက်သည့်အခါ စက်လှေကိုသာ အားကိုးခဲ့ရသည်။

ရေလမ်းခရီးနှင့်နေစဉ် မြစ်ကမ်းနံဘေးဝဲ၊ယာ၌တာပေါ်လင်စမိုးထားသော နေအိမ်များ၊ သွပ်အသစ်များမိုးထားသည့် အိမ်များနှင့် ကျေးရွာများကို လှမ်းတွေ့ရသည်။ နံနက်စနာရီခန့်ရှိသဖြင့် မြစ်ကမ်းဝဲ၊ယာ၌ ကျွဲနွားများဖြင့်လယ်ယာလုပ်ငန်းခွင်ဝင်နေသူများနှင့်လက်တွန်းထွန်စက်များဖြင့် ထွန်ယက်နေသူများကိုလည်း လှမ်းမြင်ခဲ့သည်။

လေဘေးဒဏ် ဆိုးရွားစွာ ခံရသည့် ဘိုးတီလွတ်ရွာကို နံနက် ၁၀ နာရီခန့်၌ ရောက်ရှိသည်။ ချောင်းလက်တက်တစ်ခုအတွင်း နေအိမ်များ တည်ဆောက်ကာ နေထိုင်သည့် ရွာဖြစ်သည်။ စက်လှေကမ်းကပ်ပြီး တက်လိုက်သည်နှင့် ဘိုးတီလွတ် အမကကျောင်းကို တွေ့ရသည်။ လေဘေးကြောင့်စာသင်ကျောင်းပြိုကျပျက်စီးသွားသော်လည်း တာပေါ်လင်စများ မိုးပြီး တည်ဆောက်ထားသော အလျားပေ၆၀နှင့် အနံပေ၂၀ ကျယ်သောစာသင်ကျောင်းဖြစ်သည်။ ကျောင်းအတွင်း စာသင်နေကြသော ကျောင်းသူ၊ ကျောင်းသားများ၏စာအံသံများက ကျောင်းအပြင်သို့ လျှံထွက်လျက်ရှိသည်။

ကျွန်တော်ပိုင် လယ်ဧကအားလုံး စိုက်ပျိုးသွားမှာပါ။
ဦးကျော်သန်း လယ်သမား
(ဘိုးတီလွတ်ကျေးရွာ)

ဘိုးတီလွတ်ရွာအတွင်း အိမ်အားလုံး ပြန်လည်တည်ဆောက်ပြီး ဖြစ်နေသည်ကို တွေ့ရသည်။ ရွာလမ်း၌ တွေ့ရသည့် တောင်သူလယ်သမားတစ်ဦးကို မေးမြန်းကြည့်ရာ "ကျွန်တော့်နာမည် ကျော်သန်းပါ။ အခု နိုင်ငံတော်က မျိုးစပါးတွေ ပေးနေလို့ ပျိုးခင်းထောင်ထားပြီးပါပြီ။ ကျွန်တော့်အနေနဲ့ ကျွန်တော်ပိုင် လယ်ဧကအားလုံး စိုက်ပျိုးသွားမှာပါ။ တချို့ လယ်ကွက်တွေက ကြဲခင်း၊ တချို့ စိုက်ခင်းတွေအဖြစ်နဲ့ ထွန်ယက်စိုက်ပျိုးသွားမှာပါ"ဟု ပြောကြားသည်။ ဘိုးတီလွတ်ကျေးရွာ အပြင်ဘက်တွင် ကျွဲများဖြင့် ထွန်ယက်နေကြသည့် တောင်သူလယ်သမားအချို့ကို လှမ်းမြင်ရသည်။

ထို့နောက် စက်လှေဆိပ်သို့ ပြန်ဆင်းလာရာ စက်လှေဆိပ်၌ ရေလုပ်သားတစ်ဦးကိုတွေ့၍ မေးမြန်းကြည့်ရာ "ဘိုးတီလွတ် ရွာသားပါ။ ဦးစိန်နိုင်လို့ခေါ်ပါတယ်။လေဘေးဒဏ်ကြောင့် အိမ်ပြိုသွားပေမယ့် အခု ပြန်ဆောက်ပြီးပါပြီ။ ကျွန်တော်က ငါးသလောက်ပိုက်ချတဲ့ ရေလုပ်သား ဖြစ်ပါတယ်။ ငါးသလောက်ပိုက်တွေ ပျက်စီးခဲ့ပေမယ့် အခုတော့လုပ်ငန်းပြန်စနေပါပြီ။ ငါးသလောက် ဖမ်းဆီးရမှုက ပုံမှန်ပြန်ဖြစ်နေပါပြီ"ဟု ပြောကြားသည်။

ဘိုးတီလွတ်ရွာတွင် ရေလုပ်သား ၃၀ခန့်ရှိပြီး ငါးသလောက်ပိုက်ချသည့်သူများဖြစ်သည်။ ယခုအချိန် ဘိုးတီလွတ်ရွာရှိ ရေလုပ်သားအားလုံး လုပ်ငန်းများ ပြန်လုပ်နေကြပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ဘိုးတီလွတ်ရွာမှနေ၍ စက်လှေဖြင့် ထီယာလိရွာသို့ဆက်လက်ထွက်ခွာခဲ့သည်။ မြစ်ကြောင်း တစ်လျှောက် သင်္ဘောများ၊ စက်လှေများ၊ လက်ခတ်လှေများ အဆက်မပြတ် စုန်ဆန်သွားလာနေကြသည်ကို တွေ့ရသည်။ ခရီးသည်တင်စက်လှေများနှင့် ကုန်တင်စက်လှေများကိုလည်းမြင်တွေ့ရသည်။ မော်လမြိုင်ကျွန်း မြို့နယ်

သင်ဖြူးဖျာရက်တဲ့ အလုပ် တစ်ရွာလုံး ပုံမှန်ပြန်လုပ် နေပါတယ်။
ဒေါ်ငွေး (ကျွဲခြံဝကျေးရွာ)

သားတို့ကား သဘာဝလေဘေးဒဏ် ကြုံတွေ့ခံစားခဲ့ရသော်လည်း အားမာန်တင်းလျက် ချက်ချင်း ရုန်းထနိုင်သူများပင်ဖြစ်သည်။

တစ်နာရီကျော်ကြာ စက်လှေစီးရပြီးနောက် ထီယာလိ ရွာကမ်းခြေသို့ ဆိုက်လေသည်။ မြစ်ကမ်းအနီး လယ်ထွန်ပြီး နွားများကိုဖြုတ်သိမ်းနေသည့် လယ်သမားတစ်ဦးကို မေးမြန်းရာ "ကျွန်တော့်နာမည် ကိုဝင်းညွန့်ပါ။ နိုင်ငံတော်ကပေးတဲ့ မျိုးစပါးရလို့ ပျိုးထောင်မှုလုပ်ပြီးပါပြီ။ အခုပျိုးကြီးပြီး စိုက်ဖို့အတွက် ထွန်ယက်ပြီး ပြန်တော့မလို့ပါ။ ပျိုးပင်တွေလည်း အောင်ပါတယ်။ ဒီနှစ် စိုက်ပျိုးချိန် နည်းနည်းနောက်ကျတာက လွဲပြီး ကျွန်တော်တို့ မှန်းဆထားသလောက် စိုက်ပျိုးရတာ မဆိုးပါဘူး။ မြေဩဇာတွေပေးမယ်လို့လည်း သိရတယ်" ဟု ပြောကြားသည်။

ထီယာလိရွာအတွင်း ပြုပြင်တည်ဆောက်ပြီး နေအိမ်များမှာ အရင်အတိုင်း ပြန်လည်စည်ကားနေသည်ကို တွေ့ရသည်။ ရွာသားအများစုမှာ လယ်ယာ လုပ်ကိုင်ကြသူများဖြစ်၍ ရွာပတ်ဝန်းကျင်တွင် လယ်ကွင်းစိမ်းစိမ်းများကိုတွေ့ရသည်။ ရွာအတွင်း လိုက်လံကြည့်ရှုရာ တစ်နေရာ၌ မျိုးစပါးများ နေလှမ်းထားရာမှ ရုပ်သိမ်းနေသည်ကို တွေ့၍ မေးကြည့်ရာ "မျိုးစပါးတွေ နေရောင်ပြနေတာပါ။ မနက်ဖြန်မှာ ကြဲခင်းတွေစပြီးစိုက်ပျိုးဖို့ ပြင်ဆင်နေပါတယ်။ အခုဆိုရင် လယ်ယာသုံး ကိရိယာတွေအဖြစ် ပေါက်တူးတွေကအစ အခမဲ့ပေးထားတာမို့ အခက်အခဲတော့သိပ်မရှိပါဘူး၊ ရာသီဥတုမှန်နေပါစေလို့ပဲ ဆုတောင်းနေရတယ်" ဟု ဒေါ်သန်းရင်အမည်ရှိ အမျိုးသမီးကြီးက ရှင်းပြသည်။

ထီယာလိမှတစ်ဆင့် စက်လှေဖြင့် ဆက်လက် ထွက်ခွာခဲ့ရာ မြစ်အတွင်း လူးလာခေါက်ပြန်မောင်းနှင်သွားလာနေကြသောစက်လှေများကို တွေ့နေရသည်။ လေနည်းနည်း ထန်လာသဖြင့် စက်လှေကို ကမ်းနားကပ်မောင်းနှင်နေရာမှ စက်လှေတုံ့ခနဲ ရပ်သွားသဖြင့်ကြည့်လိုက်ရာ ရွာတစ်ရွာရောက်နေသည်ကို တွေ့ရသဖြင့် မေးကြည့်ရာ ကျွဲခြံဝရွာဟု ခေါ်ကြောင်း သိရသည်။ ရွာဆိပ်ကမ်း၌ တွေ့ရသည့် အမျိုးသမီးကြီးတစ်ဦးကို မေးကြည့်ရာ "ဒေါ်ငွေးလို့ ခေါ်ပါတယ်။ ကျွန်မက သင်ဖြူးဖျာ ရက်လုပ်တာပါ။ ဒီရွာမှာတော့ သင်ဖြူးဖျာရက်တဲ့လူအတော်လေးများပါတယ်။လေဘေးဒဏ်ခံရလို့ အိမ်တွေ ပျက်စီးခဲ့ပေမယ့် အခုအိမ်တွေ ပြန်မိုးထားပြီးပါပြီ။ သင်ဖြူးဖျာရက်တဲ့အလုပ်လည်း တစ်ရွာလုံး ပုံမှန်ပြန်လုပ်နေကြပါတယ်"ဟု ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း လုပ်ငန်းစုံလုပ်ကိုင်နေသူများအားလုံး ပုံမှန်လုပ်ငန်းခွင် ဝင်လျက်ရှိနေပါကြောင်း။ ။

မြစ်ကမ်း ဝဲ၊ယာတွင် လယ်ယာလုပ်ငန်းခွင် ဝင်ရောက်နေကြသော တောင်သူဦးကြီးများကို တွေ့ရစဉ်။

ထွန်ယက်ပြီး ပြန်တော့မလို့ပါ။
ကိုဝင်းညွန့်၊ လယ်သမား (ထီယာလိကျေးရွာ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၆-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၃၅ ၈။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
- ၅:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ ဝတ်စားဆင်ယင်လှစေချင်
- ၆:၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း ရာဇဝင်တွင်တဲ့ သူရဲကောင်း အပိုင်း(၇၈)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေး တေးကဗျာ
- ၁၉။ မွေးမြူသုတ
- ၂၀။ ဗီစီဒီကျော်ကြားတေးများ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း အဖြူရောင် မြွေမင်းသမီးလေး အပိုင်း(၂၃)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ကွယ်လွန်သူမိဘနှစ်ပါးဖြစ်သော ဦးရွှေလျောင် - ဒေါ်ငွေဘော်နှင့် သမီးများဖြစ်သော ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ညွန့်ဝေတို့အား ရည်စူး၍ ဒေါ်ကျင်မြ (လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်)မှ တည်ဆောက်ဆဲ မဟာစည်ဓမ္မဗိမာန်တော်ကြီးအတွက် ငွေကျပ် သိန်း ၃၀ကို မဟာစည် သာသနာ့ရိပ်သာ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ တွဲဖက်အတွင်းရေးမှူး ဦးဖုန်းမြင့်၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်ခင်ထားနှင့် စာရင်းစစ် ဒေါ်ရှုစိန်တို့ထံ ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

သာသနာသာစည် မိုးကုတ်တရားစခန်းပွဲများ

ရန်ကုန် ဇွန် ၂၃

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် (၁၂) ရပ်ကွက် သာသနာသာစည် မိုးကုတ်ရိပ်သာအဖွဲ့ခွဲ (၃၉၉)တွင် ဝါဆိုလဆန်း ၁ ရက်၊ ဝါခေါင်လဆန်း ၁ ရက်၊ တော်သလင်းလဆန်း ၁ရက်၊ သီတင်းကျွတ်လဆန်း ၁ရက်တို့မှစ၍ လစဉ်ခုနစ်ရက် တရားစခန်းပွဲများ ဖွင့်ပြီး ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း အဖွဲ့ချုပ် ဓမ္မကထိက ချမ်းမြေ့သာ ဦးဝိဓေယျ၊ ဦးဝိစာရကမ္မဋ္ဌာနာစရိယ ဆရာတော်များက ခန္ဓာဉာဏ်ရောက် သစ္စာလေးပါးတရားတော်များနှင့် ပဋိစ္စသမုပ္ပါဒ် သင်တန်းတရားတို့ကို ဟောကြားပြသမည်ဖြစ်၍ယောဂီများ အကြိုလက္ခယ်နေ့ ညနေ ရိပ်သာသို့ အရောက်လာကြရန်နှင့် ဆွမ်းဘောဇဉ်၊ ရေမီးများကို လှူဒါန်းနိုင်ပါကြောင်း သိရသည်။
(က-ပ)

❁ **ရွှေဖုံးမှ**

အာဆီယံကိုယ်စားလှယ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert H.K. Chua နှင့် သံအမတ်ကြီးများ၊ ကုလသမဂ္ဂ အိုင်အေအက်စ်စီ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Prof Adik Wibowo၊ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့-အဖွဲ့ဝင်များ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် မြန်မာနိုင်ငံသို့ လာရောက်ကြသော အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ဆေးကုသရေးအဖွဲ့များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ကွင်းဆင်းဆေးကုသရေးအဖွဲ့ဝင် မြန်မာကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ အဖွဲ့ဝင် အာဆီယံနိုင်ငံများ ကိုယ်စားလှယ် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Robert H.K. Chua နှင့် ကုလသမဂ္ဂ အိုင်အေအက်စ်စီ လူသားချင်း စာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Prof: Adik Wibowo တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ကျန်းမာရေးဆပ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၀၅ခုနှစ်က နိုင်ငံတော်ဝန်ကြီးချုပ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီကိုဖွဲ့စည်းထားခဲ့ပြီးဖြစ်၍ ဆိုင်ကလုန်းနာဂစ်တိုက်ခတ်ပြီးနောက် မေ ၄ ရက်မှစတင်၍ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်မှုဖြင့် ကျန်းမာရေးဆပ်ကော်မတီက အဖွဲ့များဖွဲ့ကာ မော်လမြိုင်ကျွန်း၊ ဖျာပုံ၊ ဘိုကလေးနှင့် လပွတ္တာမြို့နယ်များသို့ သွားရောက်ပြီးလေဘေးသင့်ပြည်သူများအား အရေးပေါ်ကုသပြုစုစောင့်ရှောက်ခြင်း လုပ်ငန်းများကိုဆောင်ရွက်ခဲ့ကြောင်း၊ အရေးပေါ်လွှဲပို့ရန် လိုအပ်သောလူနာများအား ရန်ကုန်မြို့ရှိ အထူးကုဆေးရုံကြီးများသို့ ရဟတ်ယာဉ်များဖြင့် သယ်ဆောင်လွှဲပို့ကုသပေးခဲ့ကြောင်း၊ ယင်းအချိန်မှစတင်၍ ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် ဆေးဝါးကုသပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ပေးနိုင်ရန် အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များနှင့် သူနာပြုများပါဝင်သော အရေးပေါ်ဆေးကုသမှုအဖွဲ့ ခုနစ်ဖွဲ့ကိုဖွဲ့စည်း၍ပျက်စီးထိခိုက်မှုပိုမိုများပြားသော ဘိုကလေး၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဝါးခယ်မ၊ မအူပင်နှင့် မြောင်းမြမြို့နယ်များသို့ အထူးကုဆေးအဖွဲ့များအဖြစ် စေလွှတ်ခဲ့ရာ ယခုအခါ အဖွဲ့ပေါင်း ငါးသုတ်၊ စုစုပေါင်း ၆၁၆ဦးအားစေလွှတ်ခဲ့ပြီး အလုပ်သင်ဆရာဝန် ၂၀၁ဦးကိုလည်း စေလွှတ်နိုင်ခဲ့ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ အရေးပေါ် ရွှေ့တန်းစခန်း ၁၂ခုဖြစ်သည့် ပြင်ခရိုင်၊ သယ်န်းကြီး၊ စလူဆိပ်၊ သိပ္ပံကုန်းကြီး၊ ပြင်စလူ၊ လှိုင်းဘုန်း၊ ပိုးလောင်း၊ ကွင်းပေါက်၊ ကြိမ်ချောင်း၊ ကျုံဒါး၊ စက်ဆန်း၊ ကဒုံကနီ၊ အလယ်တန်းစခန်းခြောက်ခုဖြစ်သည့် ဟိုင်းကြီး၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ ဖျာပုံနှင့် ဒေးဒရဲမြို့နယ်များ၊ နောက်တန်းစခန်း သုံးခု ဖြစ်သည့် မြောင်းမြ၊ ဝါးခယ်မနှင့် မအူပင်မြို့နယ်များတွင် အရေးပေါ်ဆေးခန်းများဖွင့်လှစ်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊လေဘေးသင့်ဒေသများတွင် ပြည်သူ့ကျန်းမာရေးဌာနနှင့် ရောဂါနှိမ်နင်းရေးဆိုင်ရာ ကျွမ်းကျင်သူများအား တစ်သုတ်လျှင် ၃၀ဦးဖြင့် သုံးသုတ်စေလွှတ်နိုင်ခဲ့ပြီး ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အထူးပြုဆောင်ရွက်စေခဲ့ရာ (၅)နှစ်အောက်ကလေးများအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း၊ အသက် (၁၅)နှစ်အောက် ကလေးများအား ဝက်သက်ကာကွယ်ဆေးများထိုးပေးခြင်း၊ ဗီတာမင်အေဆေးတိုက်ကျွေးခြင်းတို့ကိုဆောင်ရွက်ခဲ့ပြီး စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးမြှင့်တင်ရေးလုပ်ငန်းများ စသည်တို့ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးမြှင့်တင်ဆောင်ရွက်ရေးအတွက် စိတ်ရောဂါအထူးကုဆရာဝန် လေးဦးစီပါဝင်သောအဖွဲ့ခြောက်ဖွဲ့တို့က မြောင်းမြမြို့တွင် အခြေစိုက်ပြီး ဆောင်ရွက်ခဲ့ကြောင်း၊ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ အမျိုးသားသူနာပြုများပါဝင်သော အမျိုးသားဆေးကုအဖွဲ့များသည် သင်္ဘောရေယာဉ်လေးစင်းဖြင့် ဘိုကလေး၊ လပွတ္တာ၊ ဖျာပုံနှင့် မော်လမြိုင်ကျွန်းမြို့နယ်များသို့သွားရောက်ကာ အခြေပြုလျက် မြစ်ကြောင်းတစ်လျှောက်ကျေးရွာများသို့ကွင်းဆင်း၍ ဆေးကုသစောင့်ရှောက်မှုများပေးခဲ့ကြောင်း၊ လက်ရှိအချိန်အထိ ဆရာဝန်၊ သူနာပြုစုစုပေါင်း ၁၂၉ဦးပါဝင်သော အဖွဲ့ခုနစ်ဖွဲ့သည် ယင်းမြို့နယ်များရှိ လေဘေးသင့်ပြည်သူများအားဆေးကုသရေး၊ကာကွယ်ရေး၊ စိတ်ပိုင်းဆိုင်ရာမြှင့်တင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အလားတူ တိုင်းရင်းဆေးကုသပညာရှင်များသည် မေ ၆ရက်မှစတင်၍ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိုင်းရင်းဆေးဖြင့် ကုသရေးကိုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဇွန် ၁၁ရက်မှစတင်၍ သင်္ဘောဖြင့် တိုင်းရင်းဆေးပညာရှင်များက လေဘေးသင့်ပြည်သူများအား တိုင်းရင်းဆေးဖြင့် ပြုစုကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့က လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများပေးရာတွင် ပူးပေါင်းပါဝင်မှုကိုလည်းကောင်း၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပါဝင်ကူညီမှုကိုလည်းကောင်း၊ ပုဂ္ဂလိကဆေးခန်းများဖြစ်သည့် အာရှတော်ဝင်၊ ပန်းလှိုင်နှင့် ပင်လုံအထူးကုဆေးခန်းတို့မှ ဆေးအဖွဲ့များ၏ ပါဝင်ကူညီမှုကိုလည်းကောင်း ကျေးဇူးတင်ပါကြောင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ တပ်မတော်ဆေးအဖွဲ့များ၏ ဆောင်ရွက်မှုများအတွက်လည်း များစွာဂုဏ်ယူမှတ်တမ်းတင်ပါကြောင်း၊ မေ၆ရက်မှစတင်၍ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေးနှင့် ကျောက်တန်းမြို့နယ်များသို့ အထူးကုဆေးအဖွဲ့များစေလွှတ်၍ ဆောင်ရွက်လျက်ရှိရာ ဗဟိုအဆင့်ဆေးရုံကြီးများ၊ ဆေးတက္ကသိုလ်များ၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)နှင့် စေတနာရှင် အသင်းအဖွဲ့များကလည်း နေ့ချင်းပြန်ဆေးကုသမှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနက ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံနှင့် နိုင်ငံတကာကျန်းမာရေးအဖွဲ့များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ကူညီမှုအတွက် များစွာကျေးဇူးတင်ရှိကြောင်း၊ ယခုကဲ့သို့ ကျန်းမာရေးအဖွဲ့များလာရောက်ခြင်းမှာ အာဆီယံနှင့် နိုင်ငံတကာ-မြန်မာ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ပေးခြင်း၊ ကျန်းမာရေးအဖွဲ့များ၏ ဆေးကုသပေးမှုသည် ကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်မှုကို များစွာအားပေးကူညီခြင်း၊ ညီရင်းအစ်ကိုစိတ်ဓာတ်နှင့် ချစ်ကြည်ရင်းနှီးမှုကို တည်တံ့ခိုင်မြဲစေခြင်း၊ နိုင်ငံအချင်းချင်းရင်းနှီးကျွမ်းဝင်နားလည်ယုံကြည်မှုများရရှိစေခြင်း၊နိုင်ငံအချင်းချင်း ဗဟုသုတ အတွေ့အကြုံများ ဖလှယ်နိုင်ခြင်းနှင့် နောင်လာရောက်မည့် နိုင်ငံတကာကျန်းမာရေးအဖွဲ့များအတွက် အကောင်းဆုံး ကြိုတင်ပြင်ဆင်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိကြောင်းဖြင့် ပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ပြန်လည်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွှန့်စိန်က ဦးဆောင်၍ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆေးကုသရေးအဖွဲ့ ခေါင်းဆောင် ပါမောက္ခ Dr. Munir Lubis၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆေးကုသရေးအဖွဲ့ခေါင်းဆောင် ပါမောက္ခ Dr. Vanlem Bouravong နှင့် စင်ကာပူသမ္မတနိုင်ငံ ဆေးကုသရေးအဖွဲ့ ဒုတိယခေါင်းဆောင် Dr. Arif Tyebally တို့ကလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ် ပါမောက္ခ Adik Wibowo ဦးဆောင်၍ ထိုင်းနိုင်ငံဆေးကုသရေးအဖွဲ့ခေါင်းဆောင် ထိုင်းနိုင်ငံကြက်ခြေနီအသင်းမှ ကယ်ဆယ်ရေးဌာနအကြီးအကဲ Dr. Pitchit Siriwan၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဆေးကုသရေးအဖွဲ့ခေါင်းဆောင် Dr. Luong Ngoc Khue နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ ဆေးကုသရေးအဖွဲ့ခေါင်းဆောင် Dr. Arnel Rivera တို့ကလည်း ကောင်း မုန်တိုင်းဒဏ်ခံရသော ဒေသများသို့ ကွင်းဆင်းဆေးကုသခဲ့မှုအတွေ့အကြုံများကို ဗီဒီယိုဆလိုက်တို့ဖြင့် အသီးသီးရှင်းလင်းပြောကြားကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြကာ အလုပ်ရုံဆွေးနွေးပွဲ နံနက်ပိုင်းအစီအစဉ်ကို ရပ်နားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ၏ မွန်းလွဲပိုင်းအစီအစဉ်များကို မွန်းလွဲ ၂နာရီတွင် ပြန်လည်ကျင်းပရာ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ အဖွဲ့ဝင် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha ဦးဆောင်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူး Mr. Dai Yugae၊ ကိုရီးယားသမ္မတနိုင်ငံ Korea International Cooperation Agency (KOICA) မှ Mr. Kwang-Geoi Cho၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ Mr. Mitsuji Suzuka နှင့် Dr. Seietsu Nyui နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ကောင်စစ်ဝန် Mr. Mohamed Golam Mostafa တို့က မုန်တိုင်းဒဏ်ခံရသော ဒေသများသို့ ကွင်းဆင်းဆေးကုသခဲ့မှုအတွေ့အကြုံများကို ဗီဒီယိုဆလိုက်တို့ဖြင့် အသီးသီး ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ MERLIN အရေးပေါ်တုံ့ပြန်မှု ညွှန်ကြားရေးမှူး Mr. Yves-Kim Creach က အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးထောက်ပံ့မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက်ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Dr. Richard Garfield က နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမှ ရရှိသောအတွေ့အကြုံများကို ဦးဆောင်ဆွေးနွေးပြီး ညနေပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ကကမကထပြုသည့် နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများသို့ ကွင်းဆင်းဆေးအကာအကွယ်ပေးကုသခဲ့သည့် ဆေးကုသရေးအဖွဲ့များ၏ အကြံပြုချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချတ်ထရီယံဟိုတယ်၌ ကျင်းပစဉ်။
(သတင်းစဉ်)

အလုပ်ရုံဆွေးနွေးပွဲကျင်းပနေစဉ် ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိသည့် လေဘေးသင့် ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဆေးဝါးများလှူဒါန်းပွဲကို နံနက် ၁၀နာရီ ၄၅မိနစ်တွင် အဆိုပါဟိုတယ်ရှိ ပဲခူးခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် ကျန်းမာရေး ဆပ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၊ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ GATI & NARESH KUMAR OF VIMPEX LTD မှ Mr. SANJEEV GUPTA က ငွေကျပ် ၂၃၉၃၇၃၉၆ တန်ဖိုးရှိ ဆေးဝါးများကိုပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

မုတ်သုံလေအားကောင်းမည်

ရန်ကုန် ဇွန် ၂၃

ယနေ့ နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်တွင်နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဘားအံမြို့တွင် ၄ ဒသမ ၃၄ လက်မ၊ မိုးကုတ်မြို့တွင် ၄ ဒသမ ၂၁ လက်မ၊ ကော့သောင်းမြို့တွင် ၃ ဒသမ ၃၀ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ ဟင်္သာတမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ လှိုင်လင်မြို့တွင် ၂ ဒသမ ၃၆လက်မနှင့် ရေးမြို့တွင် ၁ ဒသမ ၇၇ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားကောင်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အများအားဖြင့် အားအသင့်အတင့်ရှိနေသည်။

ဇွန် ၂၄ ရက် ညနေအထိ ခန့်မှန်းချက် ။ ။ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက် လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက် တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာအမျိုးသမီးများနေ့
၂၀၀၈ ခုနှစ်၊ ဇူလိုင်လ(၃)ရက်
MYANMAR WOMEN'S DAY
3rd July 2008

မေတ္တာခြို လုံပါမေ့

ကျော်စိုး(ကျိုက်မရော)

မြန်မာနိုင်ငံတွင် လုံးဝမကြုံဖူးသော"နာဂစ်"ဆိုင်ကလုန်းမုန်တိုင်း လေဘေးဒဏ်ကို ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ ဒေသအချို့မှ ပြည်သူများ ခါးသီးပြင်းထန်စွာ ခံစားလိုက်ကြရသည်။

ယင်းလေဘေးဒဏ်ခံစားကြရသောပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်မီဆောင်ရွက်နိုင်ရန် မုန်တိုင်းတိုက်နေစဉ် ကာလအတွင်းမှာပင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဦးဆောင်သော အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အစည်းအဝေးကို ချက်ချင်းခေါ်ယူကျင်းပခဲ့ပါသည်။ ၎င်းနောက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ၂၀၀၈ခုနှစ် မေလ ၃ရက်နေ့မှာပင် တာဝန်ကျရာနယ်မြေအလိုက် အခြေချသွားရောက်ခဲ့ကြသည်။ တာဝန်ကျရာနယ်မြေအလိုက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြသည်။

လေဘေးဒဏ်ခံစားခဲ့ကြရသော ပြည်သူတို့အား ဆန်၊ဆီ၊ဆားအပါအဝင် မီးဖိုချောင်သုံး စားသောက်ဖွယ်ရာများ၊ ဟင်းသီးဟင်းရွက်များ၊ ရေသန့်၊ အဝတ်အထည်များနှင့် အိမ်သုံးပစ္စည်းများ စသော ကယ်ဆယ်ရေးပစ္စည်းများကို နိုင်ငံတော်အစိုးရနှင့်အတူ ပြည်နယ်၊ တိုင်း အသီးသီးမှ ပြည်သူများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ တပ်မတော်သားများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့အစည်းများ အားလုံး လူနှင့်လူချင်း စာနာသော စေတနာ၊ မေတ္တာတရားတို့ဖြင့် အင်တိုက်အားတိုက် ရက်ရောစွာ ပါဝင်ကူညီ လှူဒါန်းလျက်ရှိကြသည်။

ယင်းအပြင် လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် လေဘေးသင့်ပြည်သူများကို ကိုယ်တိုင်ကိုယ်ကျ တိုက်ရိုက်လက်ရောက် လှူဒါန်းကြသူများနှင့် လုပ်အားဒါနအဖြစ် ကယ်ဆယ်ရေးပစ္စည်းများအား ထမ်းပိုးသယ်ယူပို့ဆောင်နေကြသော ဂီတရုပ်ရှင်နယ်ပယ်များမှ အနုပညာရှင်များ၊ အားကစားမောင်မယ်များ၊ ကြက်ခြေနီအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြည်း၊ ရေ၊ လေ တပ်မတော်သားများ၏ စေတနာ၊ မေတ္တာတရားတို့ကလည်း မြင်ရကြားရသူတိုင်းက မုဒိတာတရားဖြင့် ကြည်နူးစွာ သာဓုအနုမောဒနာ အကြိမ်ကြိမ် ခေါ်လျက်ရှိသည်။ ထို့အတူပင် ပြည်နယ်၊ တိုင်း အသီးသီးတို့မှ ကျန်းမာရေးဝန်ထမ်းပါရဂူများ၊ သမားတော်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုဆရာမများကလည်း ကရုဏာတရားကြီးမားစွာဖြင့် လေဘေးသင့် ပြည်သူများရှိရာ ကျေးလက်ဒေသများသို့ သွားရောက်ကြပြီး ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိကြသည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရများ၊ နိုင်ငံတကာမှ NGO အဖွဲ့အစည်းများကလည်း လူသားချင်းစာနာထောက်ထားသော မေတ္တာတရားဖြင့် ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများအပါအဝင် ပြန်လည်ထူထောင်ရေးဆိုင်ရာ ပစ္စည်းများကို နေ့စဉ်နှင့်အမျှ ပေးပို့ ထောက်ပံ့ကူညီလျက်ရှိသည့်အပြင် ကယ်ဆယ်ရေးလုပ်ငန်း ကျွမ်းကျင်သူများ၊ ဆရာဝန်များကိုလည်း စေလွှတ်ကူညီပေးလျက်ရှိသည်။

ဤသို့အားဖြင့် **လေဘေးသင့်ပြည်သူတို့၏ စားဝတ်နေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများကို ညီညွတ်စွာ၊ ရင်းနှီးတက်ကြွစွာ ဝိုင်းဝန်းကူညီထောက်ပံ့လျက်ရှိသည်။ သို့သော်လည်း ပြည်တွင်း ပြည်ပရှိ အဆိုးမြင်ဝါဒီများက နိုင်ငံတော်အစိုးရအား လေဘေးသင့်ပြည်သူများနှင့် ပတ်သက်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်စွာ စေတနာဖြင့် ဆောင်ရွက်ခြင်းမရှိသဖြင့် လေဘေးသင့်ပြည်သူများတွင် စားဝတ်နေရေး မပြည့်စုံမှု၊ ကူးစက်ရောဂါ ပြန့်ပွားမှုတို့ကို နေ့စဉ်နှင့်အမျှ ခံစားနေရသည်ဟု လုပ်ကြံပုတ်ခတ်ပြီး နိုင်ငံရေးအရ အမြတ်ထုတ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်။**

တစ်ဆက်တည်းမှာပင် မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာက ပေးပို့သော အကူအညီများအား ကန့်သတ်ပြီးလက်ခံနေခြင်း၊ ပိတ်ပင်နေခြင်း၊ နိုင်ငံတကာမှ ကယ်ဆယ်ရေးလုပ်ငန်း ကျွမ်းကျင်သူများကို မြန်မာနိုင်ငံအတွင်း အဝင်မခံခြင်း၊ လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ လွတ်လပ်စွာကူညီ ထောက်ပံ့ခွင့်မပြုဘဲ တားဆီးနှောင့်ယှက်ခြင်း၊ လေဘေးသင့်ပြည်သူများအား နေရပ်သို့ အတင်းအဓမ္မ ပြန်လည်နှင်လွှတ်နေခြင်းစသော အမှန်ပကတိ အရှိတရားများနှင့် ဆန့်ကျင်သော လုပ်ကြံပုတ်ခတ်မှုများကိုလည်း ပြည်တွင်းပြည်ပ ဆန့်ကျင်အုပ်စုများက ပြည်ပအသံလွှင့်ဌာနအချို့နှင့် ပူးပေါင်းပြီး လုပ်ကြံပုတ်ခတ် ထုတ်လွှင့်လျက်ရှိကြသည်။

ဤတွင် **ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများထံ သွားရောက်ထောက်ပံ့ကူညီခဲ့သည့် လက်တွေ့၊ မျက်မြင်တွေ့၊ အတွေ့အကြုံတို့ကို ကိုးကားဖော်ပြခြင်းဖြင့် ပြည်တွင်းပြည်ပ ဆန့်ကျင်အုပ်စုများ၏ လုပ်ကြံပုတ်ခတ်စွပ်စွဲမှုများနှင့် နှိုင်းယှဉ်ဆက်စပ်စဉ်းစားနိုင်သည်နှင့်အတူ အမှန်တရားကိုရှာဖွေတွေ့ရှိနိုင်မည်ဟု ယုံကြည်ပါသည်။**

စင်စစ် စာရေးသူသည် နိုင်ငံရေးသမားမဟုတ်သကဲ့သို့ နိုင်ငံတော်အစိုးရဝန်ထမ်းလည်းမဟုတ်ပါ။ လွတ်လပ်စွာ ကိုယ့်ဝမ်းကိုယ်ကျောင်းပြီး ကောင်းသောအသက်မွေးမြူမှုဖြင့် ဘဝကို ရပ်တည်ရှင်သန်နေသူတစ်ဦးဖြစ်သကဲ့သို့ ဘာသာရေးလုပ်ငန်းကို ယုံကြည်သက်ဝင်စွာ ဆောင်ရွက် နေသူဖြစ်ပါသည်။ စာရေးသူကိုယ်တိုင် ပါဝင်ဆောင်ရွက်နေသော "နာဂစ်" ဆိုင်ကလုန်းမုန်တိုင်း လေဘေးသင့် ဒုက္ခသည်များ ပံ့ပိုးမှုကော်မတီကို အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးလေးဖွဲ့မှ ကြီးကြပ်၍ လုပ်ငန်းရှင်များ ပါဝင်ခြင်းဖြင့် လူမျိုးဘာသာမရွေး လေဘေးသင့်သူများအား ပံ့ပိုးကူညီရန် ၂၀၀၈ခုနှစ် မေလ ၈ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ ကော်မတီကို ၂၀၀၇ခုနှစ် ကုရ်ဘာနီ ကြီးကြပ်ရေး ဗဟိုကော်မတီမှ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရန် ကျပ်သိန်းတစ်ထောင်နှင့် နိုင်ငံတော်သို့ ကျပ်သိန်း ၅၀ လှူဒါန်းရန် မတည်ငွေ အဖြစ်လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

စာရေးသူအပါအဝင် "နာဂစ်" ဆိုင်ကလုန်းမုန်တိုင်းလေဘေးသင့် ဒုက္ခသည်များပံ့ပိုးမှုကော်မတီက ထပ်မံပြီး စေတနာရှင်ပြည်သူများထံမှ ကောက်ခံရရှိငွေများအပါအဝင် စုစုပေါင်းသိန်း ၃၀၀၀ကျော်ရရှိခဲ့ရာ လောလောဆယ် ဧရာဝတီတိုင်း လေဘေးသင့် (၇)မြို့နယ်သို့သွားရောက်၍ ဆန်၊ ဆီ၊ အဝတ်အထည်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် လှူဒါန်းငွေအပါအဝင် သိန်း ၂၀၀၀ခန့်ကို စာရေးသူတို့ကိုယ်တိုင် လေဘေးသင့်ပြည်သူများအား တိုက်ရိုက်လက်ရောက် ထောက်ပံ့ကူညီလှူဒါန်းခဲ့ပြီးဖြစ်ပါသည်။

ယင်းနောက် ရန်ကုန်တိုင်းတွင် ရေသန့်စက်(၅)လုံး လှူဒါန်းရာတွင် လောလောဆယ် ဒလမြို့နယ်နှစ်နေရာ၊ ဆိပ်ကြီးခနောင်တိုတစ်နေရာ၊ ကွမ်းခြံကုန်းမြို့နယ်နှင့် ခရမ်းမြို့နယ် တစ်နေရာတို့တွင် အသုံးပြုရန် သတ်မှတ်ပြီး ကျန်ရေသန့်စက်တစ်လုံးအား နေရာဒေသသတ်မှတ်ပြီး လှူဒါန်းနိုင်ရန် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းနှင့် ညှိနှိုင်းလျက်သင့်လျော်မည့်မြို့နယ်နှင့်နေရာဒေသတို့ကို လေ့လာလျက်ရှိပါသည်။

ဆိုရလျှင် **စာရေးသူတို့ ကော်မတီမှ လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့ကူညီ လှူဒါန်းရာတွင် မည်သည့်ဟန့်တားနှောင့်ယှက်မှု၊ ကန့်သတ်မှုမှုမရှိခဲ့ဘဲ လွတ်လပ်အေးချမ်းစွာ လှူဒါန်းနိုင်ခဲ့သည်။ စာရေးသူတို့ရောက်ရှိခဲ့သော လေဘေးသင့်မြို့နယ် ကျေးလက်ဒေသများတွင် စာသင်ကျောင်း၊ ဆေးရုံဆေးပေးခန်း၊ ဈေးနှင့် ရုံးအဆောက်အအုံများအပါအဝင် အိုးအိမ် အဆောက်အအုံများကိုလည်း ပြန်လည်ပြုပြင်တည်ဆောက်ထူထောင်လျက်ရှိသည်ကို တွေ့ကြရပါသည်။ တောင်သူလယ်သမားများက လယ်ထွန်စက်များ၊ ကျွဲနွားများဖြင့် လယ်ယာလုပ်ငန်းခွင်သို့ဝင်ရန် ပြင်ဆင်လျက်ရှိပြီး ရေလုပ်သားများကလည်း လှေများ၊ ငါးဖမ်းပိုက်များ ဖြင့် လုပ်ငန်းခွင်သို့ဝင်နိုင်ရန် စီစဉ်လျက်ရှိသည်ကို တွေ့ခဲ့မြင်ခဲ့ရပါသည်။**

အလားတူပင် လေဘေးသင့်ပြည်သူတို့ကို နေရင်းရပ်ရွာဒေသများတွင် နေထိုင်လုပ်ကိုင်နိုင်မည့် အခြေအနေများရှိမှသာလျှင် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက ယင်းတို့၏ နေရင်းရပ်ရွာဒေသများသို့ ရွှေ့ပြောင်းပေးနေသည်ကိုလည်း မြင်ခဲ့တွေ့ခဲ့ရပြီး အတင်းအဓမ္မ ပြောင်းရွှေ့ ခိုင်းခြင်းမရှိဘဲ လေဘေးသင့်ပြည်သူတို့၏ ဆန္ဒအရ ပြောင်းရွှေ့စေခဲ့သည်တို့ကိုလည်း လေ့လာတွေ့ရှိခဲ့ရပါသည်။

အထူးသဖြင့် လေဘေးသင့်ပြည်သူတို့ကို ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ကူညီလှူဒါန်းရာတွင် သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများက အလှူရှင်အဖွဲ့အစည်းပုဂ္ဂိုလ်များ၏ ဆန္ဒဖြင့် လွတ်လပ်စွာ လှူဒါန်းနိုင်ရန် လိုအပ်သောအကူအညီများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်ကို ကိုယ်တွေ့မျက်မြင် ခံစားနားလည်ခဲ့ရပါသည်။

သို့ရာတွင် လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးကမ်းလှူဒါန်းရာတွင် အချို့သော လူပုဂ္ဂိုလ်များက မော်တော်ယာဉ်များပေါ်မှ စားသောက်ဖွယ်ရာများကို ပစ်ချပြီးပေးခြင်းတို့မှာ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာအရ မသင့်လျော်သော အပြုအမူမျိုးဖြစ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက ယင်းအပြုအမူမျိုး မပြုလုပ်ရန်၊ စနစ်တကျလှူဒါန်းရန် ရှင်းလင်းတားမြစ်နေရသည်ကိုလည်း မြင်ခဲ့၊ တွေ့ခဲ့ရပါသည်။ ယင်းအခြေအနေကို မလေ့လာ မသိရှိဘဲ လေဘေးသင့်ပြည်သူများကို ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်းရာတွင် လွတ်လပ်မှုမရှိ၊ နှောင့်ယှက်ဟန့်တား ပိတ်ပင်နေသည်ဟု ပုတ်ခတ်စွပ်စွဲမှုမျိုး မပြုလုပ်သင့်ပေ။

ဤတွင် နိုင်ငံတကာ ကူညီထောက်ပံ့မှုများကို မြန်မာနိုင်ငံအစိုးရက ကန့်သတ်ခြင်း၊ ပိတ်ပင်ခြင်းဟူသော စွပ်စွဲပုတ်ခတ်မှုများကိုလည်း အသိတရားဖြင့် ဆင်ခြင်စဉ်းစားပြီး ရှောင်ကြဉ်သင့်သည်။ ယင်းစွပ်စွဲချက်သည် နိုင်ငံတော်အစိုးရက လေဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာအကူအညီ ထောက်ပံ့မှုကို လက်မခံဘဲ ပစ်ပယ်ထားသော၊ ညှဉ်းဆဲနေသော အစိုးရအဖြစ် ပုံဖော်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာပြည်သူများက အထင်လွဲမှားအောင် သဒ္ဒါတရား ယုတ်လျော့အောင် ပြုလုပ်ရာရောက်ပါသည်။

စင်စစ် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာအကူအညီများအား လက်ခံရာတွင် နှောင်ကြိုးပါနိုင်သော၊ နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို ကျူးကျော်ထိပါးလာနိုင်သော နိုင်ငံတကာအကူအညီမျိုးကို လက်မခံခြင်းသာဖြစ်သည်။ စစ်သင်္ဘောများ၊ စစ်လေယာဉ်များဖြင့် မြန်မာ့မြေပေါ်သို့ရောက်ရှိလာမည့် နိုင်ငံတကာအကူအညီမျိုးသည် ရိုးသားမှု ရှိ-မရှိ ဆိုသည်မှာ စဉ်းစားဖွယ်ရာပင်ဖြစ်သည်။ ထို့ကြောင့်လည်း အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က စစ်သင်္ဘော၊ စစ်လေယာဉ်တို့ဖြင့် သယ်ဆောင်လာသော နိုင်ငံတကာ အကူအညီများမှလွဲ၍ မည်သည့်နိုင်ငံကမဆို ကူညီထောက်ပံ့သည့် နိုင်ငံတကာအကူအညီများအား မြန်မာနိုင်ငံမှ ဝမ်းမြောက်ကျေးဇူးတင်စွာ လက်ခံလျက်ရှိကြောင်း ပွင့်ပွင့်လင်းလင်း ရိုးရှင်းစွာ ထုတ်ဖော်ပြောဆိုပြီးဖြစ်သည်။

တစ်ဆက်တည်းမှာပင် အသက်မဆုံးရှုံးသော လေဘေးသင့်ပြည်သူများနှင့် လေဘေးသင့်ပြီး အသက်ဆုံးရှုံးရသော ပြည်သူများအား ရည်စူးလျက် ကိုးကွယ်ရာဘာသာအလိုက် မေတ္တာပို့ဝတ်ပြုဆုတောင်းပွဲများအား ၂၀၀၈ခုနှစ် မေလ ၁၄ရက်နေ့တွင် ကျင်းပခဲ့ရာ ဗုဒ္ဓဘာသာဝင်များ၏ မေတ္တာပို့ဆုတောင်းပွဲအခမ်းအနားကို နံနက် ၁၀နာရီတွင် ကမ္ဘာအေးကုန်းမြေလည်းကောင်း၊ ခရစ်ယာန်ဘာသာဝင်များ၏ ဝတ်ပြုဆုတောင်းပွဲ အခမ်းအနားကို နံနက် ၁၁နာရီတွင် ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်းနှင့်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✡

စင်စစ် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာအကူအညီများအား လက်ခံရာတွင် နှောင်ကြိုးပါနိုင်သော၊ နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို ကျူးကျော်ထိပါးလာနိုင်သော နိုင်ငံတကာအကူအညီမျိုးကို လက်မခံခြင်းသာဖြစ်။ စစ်သင်္ဘောများ၊ စစ်လေယာဉ်များဖြင့် မြန်မာ့မြေပေါ်သို့ရောက်ရှိလာမည့် နိုင်ငံတကာအကူအညီမျိုးသည် ရိုးသားမှု ရှိ-မရှိ ဆိုသည်မှာ စဉ်းစားဖွယ်ရာပင်ဖြစ်။

ရွှေတိဂုံစေတီ သာသနိကအဆောက်အအုံများပြုပြင်ရန် ငွေလှူပွဲကျင်းပ

ရန်ကုန် ဇွန် ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ဇွန် ၂၂ ရက် နံနက် ၉ နာရီတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ (ရန်ကုန်ရုံးခွဲ)၌ လေဘေးသင့်ဘုန်းတော်ကြီးကျောင်းများနှင့် ပြည်သူများအတွက် အလှူရှင် သီရိသုဓမ္မမဏိဇောတဓရ ဦးကိုကိုအေး-ဒေါ်သီသီနိုင် မိသားစုက ငွေကျပ် ၂၅ သိန်းနှင့် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်း-ဒေါ်နန္ဒာအောင် မိသားစုက ငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းမှုကို လက်ခံသည်။

ထို့နောက် ဝန်ကြီးသည် မွန်းလွဲ ၁ နာရီတွင် မရမ်းကုန်းမြို့နယ် ဖွဲ့စုံရပ်ကွက်ရှိ ဆောက်လုပ်ဆဲ တောင်တန်းသာသနာပြု သင်တန်းကျောင်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဝန်ကြီးရုံးဧည့်ခန်းမ(ရန်ကုန်ရုံးခွဲ)၌ စင်ကာပူ သမ္မတနိုင်ငံ သီရိလင်္ကာဘုန်းတော်ကြီးအားတွေ့ဆုံပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ စေတီတော် သာသနိကအဆောက်အအုံများ ပြုပြင်တည်ဆောက်ရန် အိန္ဒိယသမ္မတနိုင်ငံမှ အမေရိကန်ဒေါ်လာ နှစ်သိန်း ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် (၁၀) ကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား တံခွန်စိုက် အလေးမပြိုင်ပွဲ ဖွင့်ပွဲတွင် အဖွင့်အမှာစကား ပြောကြားစဉ်။ (အား/ကာ)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂၃

၂၀၀၈ ခုနှစ် (၁၀) ကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား တံခွန်စိုက် အလေးမပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၁ ရက် ညနေပိုင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်၊ ဗဟိုလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက အမျိုးသမီး ၅၃ ကီလိုတန်းပြိုင်ပွဲတွင် ပထမရရှိသော သောရေဖော (လယ်ယာ/ဆည်မြောင်း) အားလည်းကောင်း၊ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက ဒုတိယရရှိသော နှင်းသန့်ဇင် (အား/ကာသိပ္ပံ-မန္တလေး) နှင့် တတိယရရှိသော နန်းစေးဖောင် (ရထားပို့ဆောင်ရေး)တို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီး ၅၈ ကီလိုတန်းပြိုင်ပွဲတွင် ပထမရရှိသော လေးလေးနွယ် (ရထားပို့ဆောင်ရေး) နှင့် နန်းအေးခိုင်(ရထားပို့ဆောင်ရေး) တို့အား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမျိုးသမီး ၆၃ ကီလိုတန်းပြိုင်ပွဲတွင် ပထမရရှိသော ရွှေစင်ဝင်း (လယ်ယာ/ဆည်မြောင်း)နှင့် အေးနန္ဒာကျော် (လယ်ယာ/ဆည်မြောင်း) တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

✡ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ လည်းကောင်း၊ အစ္စလာမ်ဘာသာဝင်များ၏ စုပေါင်းဝတ်ပြုဆုတောင်းပွဲအခမ်းအနားကို မွန်းလွဲ ၁နာရီ ၁၅မိနစ်တွင် ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ ကျူလိယာဂျာမေဗလီ၌ လည်းကောင်း၊ ဟိန္ဒူဘာသာဝင်များ၏ ဆုတောင်းပွဲ အခမ်းအနားကို မွန်းလွဲ ၂ နာရီတွင် ဗိုလ်အောင်ကျော်လမ်းရှိ ဟိန္ဒူဘုရားကျောင်း၌ လည်းကောင်း အသီးသီး ကျင်းပခဲ့ခြင်းဖြင့် လေဘေးသင့် ပြည်သူများအား ဘာသာပေါင်းစုံတို့၏ မေတ္တာတရားက လွှမ်းခြုံစေလျက်ရှိသည်။ ယင်းဆုတောင်းပွဲ အခမ်းအနားများသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ကိုယ်တိုင် တက်ရောက်ပြီး မေတ္တာပို့ ဝတ်ပြုဆုတောင်းခဲ့သည်တို့မှာ နိုင်ငံတော်အစိုးရအနေဖြင့် လေဘေးသင့် ပြည်သူများအပေါ် မည်မျှစာနာထောက်ထားပြီး မေတ္တာစေတနာ တရားကြီးမားသည်ကို လေ့လာဆင်ခြင်ဖွယ်ဖြစ်ပါသည်။

ယင်းအပြင် **နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့ကိုယ်တိုင် လေဘေးသင့်ပြည်သူတို့ရှိရာ မြို့နယ် ကျေးလက်ဒေသများနှင့် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုအားပေးခြင်းနှင့်အတူ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လမ်းညွှန်ချမှတ်ကြီးကြပ်ဖြည့်ဆည်း ဆောင်ရွက်ခဲ့သည်တို့မှာလည်း နိုင်ငံတော်အစိုးရ၏ အပြောမဟုတ် အလုပ်နှင့်ဖော်ဆောင်သော စေတနာ မေတ္တာတရားကြီးမားနက်ရှိုင်းမှုကို အလေးဂရုပြုရမည်ဖြစ်သည်။**

ချုပ်၍ ဆိုရလျှင် ဧရာဝတီတိုင်းနှင့်ရန်ကုန်တိုင်းတို့မှ လေဘေးသင့်ပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ လူမျိုးဘာသာမရွေး တိုင်းရင်းသားပြည်သူတို့၏ မေတ္တာစေတနာအရင်းခံတရားတို့ဖြင့် လည်းကောင်း၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရများအပါအဝင် လူမျိုးဘာသာမရွေး နိုင်ငံတကာပြည်သူတို့၏ လူသားချင်းစာနာထောက်ထားမှုဟူသော မေတ္တာတရားတို့ဖြင့်လည်းကောင်း၊ စားဝတ်နေမှုနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ အပြည့်အဝလုံခြုံစွာရရှိနေသကဲ့သို့ မိမိတို့၏ လူမှုစီးပွားဘဝ ပြန်လည်ရှင်သန်ဖွံ့ဖြိုးလာစေရေးအတွက် အနာဂတ်ခရီးဆက်နိုင်ရန် ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ဖြင့် အားယူလျက်ရှိရာ မြန်မာနိုင်ငံမှ လေဘေးသင့်ပြည်သူများ၏ ဘဝကို ✱✱မေတ္တာခြုံလုံပါမေ့✡✡ ဟူသော မြန်မာမှုဆိုရိုးစကားဖြင့် ကိုးကားရည်ညွှန်း လိုက်ရပါသည်။ ။

လေဘေးသင့် စာနယ်ဇင်းအဖွဲ့ဝင်များအတွက် ငွေလှူ

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့အနေဖြင့် လေဘေးသင့် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များအတွက် အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလျက်ရှိရာ ဦးဝင်းစိန် ဥက္ကဋ္ဌ RV Management ကုမ္ပဏီလီမိတက်က ငွေကျပ်ငါးသိန်း၊ စာရေးဆရာ ကျွန်းသားငမန်းနှင့် မိသားစုက ငွေကျပ်တစ်သောင်း၊ စာရေးဆရာ ကျွန်းစဉ်မြေစောခက်က ငွေကျပ် ၁၅၀၀၀၊ စမ်းချောင်းမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ကငွေကျပ်တစ်သောင်း၊ကြည့်မြင်တိုင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ်တစ်သောင်း၊ မော်လမြိုင်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ကငွေကျပ်တစ်သောင်း၊ဦးမြင့်လွင်(ဖိုးကျော့)ကငွေကျပ်တစ်သောင်း၊ ဦးထွန်းရည်(မွန်စာပေ)-မိုးပန်းမွန်(ရာမည) မိသားစုက ငွေကျပ် နှစ်သောင်း၊ ဗိုလ်မှူးကြီးမြင့်သူ (ငြိမ်း) (သူရိန်ဦး)က ငွေကျပ်တစ်သောင်း၊ လသာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးအောင်မော် မိသားစုက ငွေကျပ်တစ်သောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူသည်။

အလားတူ လေဘေးသင့်ပြည်သူများအတွက် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းနေ ဦးလှရွှေ-ဒေါ်လှလှမိသားစုက ငွေကျပ်သုံးသောင်း၊ ဒေါ်စုစုအောင်ကျော် မိသားစုက ငွေကျပ်နှစ်သောင်း၊ ဒေါ်ဆွေဆွေ-ဒေါ်နွယ်နွယ် မိသားစုက ငွေကျပ်ငါးသောင်း ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

လေဘေးသင့် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များအတွက် မည်သူမဆို အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ၊ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး တည်ရှိရာ အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန်ဒုတိယထပ် ဖုန်း-၂၅၂၄၁၇၊ ၃၈၅၂၇၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၃၃ရပ်ကွက်ပင်လုံလမ်းနေဦးသိန်းဝင်း-ဒေါ်ခင်နီလာအောင်၊ သမီးမအိမ်ချစ်စုဦး၊ မထက်ရတနာဦး၊ သား ဒူးဒူး (အောင်နိုင်သူ ကားပစ္စည်းဆိုင်)မိသားစုက နှစ်ဖက်သော မိဘများအား ရည်စူး၍ လေဘေးသင့်ပြည်သူများ ကျန်းမာရေးစောင့်ရှောက်ရန် ဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်းအား ရန်ကင်းမြို့နယ်ပြည်သာယာရှိ ရွှေပြည်ဟိန်းကျောင်းသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အထက်မင်းလှမြို့နယ်အသင်း (ရန်ကုန်) ရွှေရတုနှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇွန် ၂၃

နှစ်(၅၀)ပြည့် ရွှေရတုနှစ်ပတ်လည်အစည်းအဝေး၊ ဝါဆိုသင်္ကန်း ကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် မင်းလှဓမ္မရိပ်သာကျောင်း (ဗဟန်းဈေးအနီး) ရေတာရှည်လမ်း ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

အသက်(၈၀)ပြည့်နှင့်အထက်၊ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများစာရင်း၊ ဝါဆိုသင်္ကန်းနှင့် အလှူငွေများကို ဇူလိုင် ၁၀ ရက်နောက်ဆုံးထား၍ ဦးစံမြင့် ဥက္ကဋ္ဌ ဖုန်း-၂၂၆၂၈၁၊ ဦးမျိုးညွန့်ဦး အတွင်းရေးမှူး ဖုန်း-၅၄၉၁၁၈၊ ဒေါ်သန်းစိန် ဒုတိယဥက္ကဋ္ဌ ဖုန်း-၅၈၀၅၇၃၊ ဦးလှတင် တွဲဖက်အတွင်းရေးမှူး ဖုန်း-၇၂၆၈၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကင်းမြို့နယ် ဘောက်ထော် ပြည်သာယာလမ်းနေ ဒေါ်အမာနှင့် သား၊ သမီး၊ မြေးတစ်စုက ငွေကျပ် ၁၀၀၀၀၀ ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးအောင်မြင့် စင်ကာပူသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇွန် ၂၃

မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ (e-National Task Force) ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့- အဖွဲ့ဝင် ဦးအောင်မြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ၌ ဇွန်၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပသည့် ၂၀၀၈ခုနှစ် အာရှဆက်သွယ်ရေးဆွေးနွေးပွဲနှင့်ပြပွဲ (Communic Asia 2008) သို့ တက်ရောက်ပြီး ဇွန်၂၂ရက် နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးတင့်လွင်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဌေးနှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းအောင်တို့လည်းပြန်လည် လိုက်ပါလာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည့် ၁၆ ခုတင်ဆံ့ဆေးရုံကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံအဆောက်အအုံသစ်တွင် ယာယီဆေးခန်းဖွင့်လှစ်၍ လူနာများအား လက်ခံကုသပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးအားပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီတဂူသာသနာပြုအဖွဲ့က အမာဆေးရုံအတွက် လှူဒါန်းထားသည့် ဆေးရုံသုံး၊ ဆရာဝန်သုံး၊ လူနာသုံးပစ္စည်းများကို ကြည့်ရှုကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် အမာမြို့ဆေးရုံ အမြန်ဆုံးဖွင့်လှစ်နိုင်ရေးနှင့် လှူဒါန်းထားသည့် ဆေးရုံသုံးပစ္စည်းများ ကိုင်တွယ်အသုံးပြုနိုင်ရေးတို့အတွက် စီမံဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားပြီး တိုက်နယ်ဆေးရုံတာဝန်ခံ ဆရာဝန်ဒေါက်တာညဏ်မင်းနှင့်သူနာပြုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များအား အားပေးနှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဖျာပုံမြို့နယ် ကဒုံကနိကျေးရွာသို့ ရောက်ရှိကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကဒုံကနိကျေးရွာ၌ လေမုန်တိုင်းကြောင့် အိုးအိမ်မဲ့ဖြစ်သွားသော လေဘေးသင့်ပြည်သူများအတွက် CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးမှလှူဒါန်းသည့် လူနေအိမ်များကို ဒဂုန်ဆောက်လုပ်ရေးအဖွဲ့က တာဝန်ယူဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် လေဘေးသင့်ပြည်သူများအား တွေ့ဆုံပြီး နိုင်ငံတော်၏ မတည်ထောက်ပံ့ပေးနေမှုများကို အခြေခံ၍ မိမိတို့၏ လူနေမှုဘဝ အဆင့်အတန်းများ မြင့်မားတိုးတက်လာအောင် အလုပ်ကို ကြိုးကြိုးစားစားလုပ်ကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျေးရွာမှ လူမှုရေးအသင်းအဖွဲ့ဝင်များအား အားပေးနှုတ်ဆက် မှာကြားကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် လပွတ္တာမြို့နယ် ပိုးလောင်းကျေးရွာသို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိ ရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား နှုတ်ဆက်အားပေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျေးရွာပြည်သူများအား နှုတ်ဆက်ပြီး လေမုန်တိုင်း တိုက်ခတ်ခံရမှု၊ ကျေးရွာပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုများကို ကြည့်ရှုမေးမြန်းကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အသက်မွေးဝမ်းကျောင်းများအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ကျေးရွာအတွင်း ဈေးရောင်းဈေးဝယ်များဖြင့် ပြန်လည်စည်ကားနေမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ကျေးရွာ၏ မူလတန်းကြိုကျောင်းကို ကြည့်ရှုစစ်ဆေးပြီး ကလေးငယ်များအား စားစရာများ ဝေငှပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျေးရွာ၏ ယာယီဆေးခန်းကို ကြည့်ရှုစစ်ဆေးကြပြီး ဆေးခန်းတွင် တက်ရောက်ကုသမှုခံနေသော လူနာများအား အားပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး အဆင့်မြင့်ပညာ ဆက်လက်သင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးမှာကြားပြီး ပညာသင်ထောက်ပံ့ငွေများကို ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား ကျေးရွာအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် တိုင်းမှူးက ကျေးရွာအတွက် အဝတ်အထည်များကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်တစ်ဦးအား ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် လပွတ္တာမြို့နယ် (၃)မိုင် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး မြို့နယ်မှ ဌာနဆိုင်ရာများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား နှုတ်ဆက်ကြသည်။

ထို့နောက် (၅)မိုင်စခန်းရှိ ကမ္ဘောဇအုပ်စု ကုမ္ပဏီလီမိတက်၏ လေဘေးသင့်ပြည်သူများအတွက် အိမ်ရာ ၁၀၀၀ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ လပွတ္တာမြို့နယ် တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က လေဘေးသင့်ပြည်သူများအတွက် လပွတ္တာမြို့နယ် (၅)မိုင် စခန်း၊ (၇)မိုင်စခန်း ပတ်ဝန်းကျင်များ၌ မြေနေရာချထားပေးရန် လျာထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက လေဘေးသင့်ပြည်သူများအတွက် လူနေအိမ်များ ဆောက်လုပ်ရာတွင် သစ်ရရှိရေး စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြပြီး ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက လေမုန်တိုင်းကြောင့် အိုးအိမ်မဲ့ဖြစ်သွားသော လေဘေးသင့်ပြည်သူများအတွက် လူနေအိမ်များ ဆောက်လုပ်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တာဝန်ရှိသူများက အခိုင်အမာ လူနေအိမ်များ ဆောက်လုပ်ပေးသွားမည့် နေရာများကို မြေပုံဖြင့် ရှင်းလင်းပြသကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့နယ် (၇)မိုင်စခန်းနေရာသို့ သွားရောက်ကြပြီး အိုးအိမ်မဲ့ လေဘေးသင့်ပြည်သူများအတွက် မက်(စ်)(မြန်မာ)ကုမ္ပဏီအုပ်စုနှင့် ဝါဝါဝင်းကုမ္ပဏီတို့မှ လူနေအိမ်များ ဆောက်လုပ်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေကို ကြည့်ရှုကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ပုသိမ်မြို့သို့ မွန်းလွဲ ၂ နာရီခွဲတွင် ရောက်ရှိကြသည်။

(သတင်းစဉ်)

မြန်မာလူသားတို့၏ ဖြစ်ပေါ်တိုးတက်မှုသမိုင်းကို အစဉ်အတိုင်းကွင်းဆက်မပြတ် ကဏ္ဍပေါင်းစုံမှ ခေတ်အမြင်ဖြင့် ပြန်လည်သန့်စင်မှတ်တမ်းတင်ရန် လိုအပ်

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူး၍ "မြန်မာ့ယဉ်ကျေးမှုသမိုင်း" သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

အမှာစကားပြောကြား

မြန်မာသမိုင်း အဖွဲ့ဥက္ကဋ္ဌ၊ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူး ကျင်းပသော "မြန်မာ့ယဉ်ကျေးမှုသမိုင်း" သုတေသန စာတမ်းဖတ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၃

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော "မြန်မာ့ယဉ်ကျေးမှုသမိုင်း" သုတေသနစာတမ်းဖတ်ပွဲကို ဇွန် ၂၂ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ ကျင်းပရာ မြန်မာသမိုင်းအဖွဲ့ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂) ဦးထွန်းအောင်ချိန်နှင့် အဖွဲ့ဝင်များ၊ စာတမ်းရှင်များ၊ ဝန်ကြီးဌာနများမှ ဧည့်သည်တော်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာသမိုင်းအဖွဲ့ဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် သမိုင်းဆိုသည်မှာ အတိတ်၏ဖြစ်ရပ်များကို မှတ်တမ်းတင်ခြင်းဖြစ်ပြီး ယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ မြင့်မားသော လူမှုအဖွဲ့အစည်းများ၊ အစိုးရစနစ်များ၊ တရားစီရင်မှုစနစ်များ၊ ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုများ၊ ယုံကြည်ကိုးကွယ်မှုများ၊ လူမှုစီးပွားရေးဘဝများ စသည်ဖြင့် လွှမ်းခြုံကျယ်ပြန့်သည့်နယ်ပယ်ကိုရည်ညွှန်းကြောင်း၊ ခေတ်တစ်ခေတ်၏ ယဉ်ကျေးမှုကို သမိုင်းတင်ရာမှာ စီးပွားရေးသမိုင်း၊ နိုင်ငံရေးသမိုင်း၊ စာပေသမိုင်း၊ ဂီတသမိုင်း၊ အနုပညာသမိုင်း၊ ဒဿနိကဗေဒသမိုင်း၊ ဘာသာရေးသမိုင်း၊ သိပ္ပံပညာသမိုင်း စသည်ဖြင့် ကဏ္ဍပေါင်းစုံကို တစ်စုတစ်စည်းတည်း အစဉ်အတိုင်းဆောင်ရွက်ရမှာဖြစ်ကြောင်း၊ အားလုံးကို ခြုံငုံပြီး ရုပ်လုံးဖော်ရမှာဖြစ်ကြောင်း၊ သို့အတွက်ကြောင့် ယခုကဲ့သို့စာတမ်းဖတ်ပွဲမျိုးကို ခေတ် ကာလတစ်ခုကို သတ်မှတ်ပိုင်းခြားပေးရန် လိုအပ်ကြောင်း၊ ယဉ်ကျေးမှုဆိုသည်မှာ way of life ကို ဆိုလိုခြင်းဖြစ်ကြောင်း၊ သို့အတွက်ကြောင့် အတိတ်က နိုင်ငံသားများ၏ way of life ကို မှတ်တမ်းတင်နေသည့် သမိုင်းသုတေသနလုပ်ငန်းသည် ယဉ်ကျေးမှုဝန်ကြီးဌာနအတွက် အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဆောင်ပုဒ်မှာ "နိုင်ငံဂုဏ်ပြု ယဉ်ကျေးမှု" ဖြစ်ကြောင်း၊ ဂုဏ်ပြုရမည့် မိမိတို့နိုင်ငံသည် လွန်ခဲ့သော နှစ်သန်းပေါင်း ၄၀က လူတူပရိုင်းမိတ်ကိုကမ္ဘာပေါ်မှာတွေ့ရှိသမျှ ရှေးအကျဆုံးအဖြစ်တွေ့ရှိခဲ့၊ တွေ့ရှိဆဲနိုင်ငံဖြစ်ကြောင်း၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် ယဉ်ကျေးမှု အထောက်အထားများ ပြည့်စုံစွာရှိသောနိုင်ငံ၊ အဆင့်အတန်းမြင့်မားသော ပျူခေတ်ယဉ်ကျေးမှုအဆောက်အအုံများရှိသော နိုင်ငံဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာလူသားတို့၏ ဖြစ်ပေါ်တိုးတက်မှုသမိုင်းကို အစဉ်အတိုင်း ကွင်းဆက်မပြတ် ကဏ္ဍပေါင်းစုံမှ ခေတ်အမြင်ဖြင့် ပြန်လည်သန့်စင် မှတ်တမ်းတင်ရန် လိုအပ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် လွန်ခဲ့သည့် နှစ်ပေါင်း သန်း ၄၀ကစ၍ သမိုင်းပြန်ကောက်ရမည့် တာဝန်သည် မိမိတို့အပေါ် ကျရောက်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂) ဦးထွန်းအောင်ချိန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သမိုင်းသုတေသနဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာဘမောင်ကစာတမ်းဖတ်ပွဲ၏ရည်မှန်းချက်များကို ရှင်းလင်းတင်ပြသည်။

ယနေ့ကျင်းပသည့် စာတမ်းဖတ်ပွဲ ပထမနေ့တွင်မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂)ဦးထွန်းအောင်ချိန်၊ မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာသော်ကောင်း၊ ဦးလှသိန်း၊ ဒေါ်အုန်းကြည်၊ ဒေါက်တာကျော်ဝင်းနှင့် ဦးကျော်တို့က အလှည့်ကျသဘာပတိအဖြစ် ဆောင်ရွက်ကြပြီး မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင် ဒေါက်တာခင်မောင်ညွန့်က **"နေပြည်တော်ဝန်းကျင် သမိုင်းဝင်နေရာများ"** စာတမ်းကိုလည်းကောင်း၊ မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာတိုးလှက **"ကမ္ပည်းစာနှင့် အနုပညာလက်ရာများက ပြောသော ဖိုဝင်းတောင်သမိုင်း"** စာတမ်းကို လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ကထိက ဒေါက်တာအေးအေးသန်းက **"ပုဂံခေတ်၌ဝတ်ဆင်ခဲ့ကြသောအဝတ်အထည်ပုံစံနှင့်အဆင်များ"** စာတမ်းကိုလည်းကောင်း၊ ပခုက္ကူတက္ကသိုလ် သမိုင်းဌာနမှ လက်ထောက်ကထိက ဒေါက်တာတိုးတိုးဝင်းက **"ကုန်းဘောင်ခေတ် နံရံပန်းချီများကို လေ့လာခြင်း"** စာတမ်းကိုလည်းကောင်း၊ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှ လက်ထောက်ကထိက ဒေါက်တာတင်မောင်ထွေးက **"Votive Tablets of Srikhestra"** စာတမ်းကိုလည်းကောင်း ဖတ်ကြားကြသည်။

ယင်းနောက် စာတမ်းဖတ်ကြားမှုများအပေါ် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂) ဦးထွန်းအောင်ချိန်၊ မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာတိုးလှ၊ မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာခင်မောင်ညွန့်၊ ဦးလှသိန်းနှင့် ဒေါက်တာဒေါ်မြင့်ကြည်၊ ပြင်ပပညာရှင် ဒေါက်တာမျိုးသန့်တင်၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း၊ သမိုင်းသုတေသနဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာဘမောင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုး၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးစိန်ဝင်းနှင့် ဒေါ်စန္ဒာခင်၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန အငြိမ်းစား ပါမောက္ခ ဒေါ်ခင်ဆွေမြင့်၊ သမိုင်းသုတေသန ဦးစီးဌာန အငြိမ်းစား လက်ထောက်ညွှန်ကြားရေးမှူး ဦးစံဝင်းတို့က ဆွေးနွေး အကြံပြုမေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် မြန်မာသမိုင်းအဖွဲ့ ဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က စာတမ်းဖတ်ကြား ဆွေးနွေးမှုများ အပေါ်ဖြည့်စွက်မှာကြားပြီး စာတမ်းဖတ်ပွဲ ပထမနေ့ အစီအစဉ်ကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

စာတမ်းဖတ်ပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပရာ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂) ဦးထွန်းအောင်ချိန်၊ မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာတိုးလှ၊ မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာခင်မောင်ညွန့်၊ ဦးလှသိန်း၊ ဒေါက်တာကျော်ဝင်းနှင့်ဦးကျော်တို့ကအလှည့်ကျသဘာပတိအဖြစ် ဆောင်ရွက်ကြပြီး မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင် ဒေါက်တာကျော်ဝင်းနှင့် မြန်မာစာအဖွဲ့ဝင် ဒေါက်တာခင်အေးတို့၏ **"အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ကြိုးပမ်းမှု"** စာတမ်းကို ဒေါက်တာကျော်ဝင်းကလည်းကောင်း၊ သမိုင်းသုတေသန ဦးစီးဌာနမှ အငြိမ်းစား လက်ထောက်ညွှန်ကြားရေးမှူး ဦးစံဝင်းက **"အောက်မြန်မာနိုင်ငံဂဝံမြို့တော်ဟောင်းများနှင့်ဂဝံယဉ်ကျေးမှု"** စာတမ်းကိုလည်းကောင်း၊ သမိုင်းသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက **"ပျူတို့နှင့် ဆက်နွယ်နေသည့်ခေတ်ဦးရခိုင်ကိုးကွယ်ယုံကြည်မှု"** စာတမ်းကိုလည်းကောင်း၊ မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင်ဦးလှသိန်းက **"လက်အောက်ခံကိုလိုနီ မြန်မာနိုင်ငံတွင် ယဉ်ကျေးမှု အနုပညာရပ်များ တိမ်ကောခြင်း၊ ပြန်လည်ထွန်းကားလာခြင်းနှင့်ပြောင်းလဲလာသည့် နိုင်ငံရေးအခြေအနေ (၁၈၈၆-၁၉၁၉)"** စာတမ်းကိုလည်းကောင်း၊ သမိုင်းသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်မြင့်က **"ပုဂံခေတ် ဂီတ၊ အကနှင့် အနုပညာ"** စာတမ်းကိုလည်းကောင်း၊ သမိုင်းသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ငြိမ်းက **"ဗုဒ္ဓဘာသာ ယဉ်ကျေးမှုနှင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း"** စာတမ်းကိုလည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် စာတမ်းဖတ်ကြားမှုများအပေါ် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂) ဦးထွန်းအောင်ချိန်၊ မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာ ခင်မောင်ညွန့်၊ ဒေါက်တာကျော်ဝင်း၊ ပြင်ပပညာရှင် ဒေါက်တာ မျိုးသန့်တင်၊

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ အကြိုခင်းကျင်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဇွန် ၂၄ ရက်မှ ဇူလိုင် ၄ ရက်အထိ ခင်းကျင်းပြသရောင်းချမည့် ၂၀၀၈ ခုနှစ် ဇွန်၊ ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ အကြိုခင်းကျင်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မြန်မာကွန်ဗင်းရှင်းစင်တာ ပထမထပ်၌ ခင်းကျင်းပြသထားသည့် အရည်အသွေးမီ ကျောက်စိမ်းအတွဲများကိုလည်းကောင်း၊ ကျောက်မျက်ရတနာများကိုလည်းကောင်း၊ အရည်အသွေးမီ ပုလဲအတွဲများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မြန်မာကွန်ဗင်းရှင်းစင်တာ မျက်နှာစာ၌ ခင်းကျင်းပြသထားသော အရည်အသွေးကောင်း ကျောက်စိမ်းအတွဲများနှင့် ကျောက်စိမ်းအရိုင်းတွဲများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားစီမံဆောင်ရွက်ပေးကာ ညနေ ၄ နာရီ ၁၅ မိနစ်တွင် မြန်မာ ကွန်ဗင်းရှင်းစင်တာမှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာနနှင့် ထိုင်းကုမ္ပဏီလီမိတက်များ သဘာဝဓာတ်ငွေ့ အရောင်းစာချုပ်အတွက် အခြေခံသဘောတူညီချက် လက်မှတ်ရေးထိုး

နေပြည်တော် ဇွန် ၂၃

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Lieutenant General Poonpirom Liptapanlop ဦးဆောင်သော ထိုင်းနိုင်ငံ စွမ်းအင်ကိုယ်စားလှယ် အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀တွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E . Mr. Bansarn Bunnag နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဧည့်သည်တော်ထိုင်းနိုင်ငံ စွမ်းအင် ဝန်ကြီးဌာန ဝန်ကြီးတို့သည် နံနက် ၁၁ နာရီတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီး ဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ထိုင်းနိုင်ငံ PTTEP International Limited နှင့် PTT Public Company Limited တို့သည် မုတ္တမကမ်းလွန်ဒေသ လုပ်ကွက် M-9 မှ ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့ အရောင်းစာချုပ်အတွက် အခြေခံသဘောတူညီချက် လက်မှတ်ရေးထိုးချုပ်ဆိုသည့်အခမ်းအနားကို နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိစွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ဆက်လက်ကျင်းပရာ အဆိုပါအခမ်းအနားသို့စွမ်းအင်ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ရှေ့နေချုပ် ဦးအေးမောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Lieutenant General Poonpirom Liptapanlop၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Bansarn Bunnag၊ ထိုင်းနိုင်ငံ PTTEP International Limitd နှင့် PTT Public Company Limited တို့မှ အမှုဆောင်အရာရှိချုပ်များနှင့် ဥက္ကဋ္ဌ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Lieutenant General Poonpirom Liptapanlop တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ အခြေခံသဘော တူညီချက် (Heads of Agreement) ကို မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြား ရေးမှူး ဦးမြင့်ဌေး၊ ထိုင်းနိုင်ငံ PTTEP International Limited အမှုဆောင်အရာရှိချုပ် Mr. Anon Sirisaen gtaksin နှင့် PTT Public Company Limited အမှုဆောင် အရာရှိချုပ်နှင့် ဥက္ကဋ္ဌ Mr. Prasert Bunsumpun နှင့် အသိသက်သေအဖြစ် စွမ်းအင်စီမံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်တို့က လက်မှတ်ရေးထိုးကာ စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

အဆိုပါ လက်မှတ်ရေးထိုးချုပ်ဆိုသည့် အခြေခံသဘောတူညီချက်အရ မုတ္တမကမ်းလွန်ဒေသ လုပ်ကွက် M-9 မှ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို ပြည်တွင်း သုံးစွဲရေးနှင့် ထိုင်းနိုင်ငံသို့ ပို့လွှတ်ရောင်းချရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်သွားကြမည်ဖြစ်သည်။

ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ထိုင်းနိုင်ငံ စွမ်းအင်ကိုယ်စားလှယ် အဖွဲ့သည် ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်လေဆိပ်မှ ပြန်လည် ထွက်ခွာသွားရာ စွမ်းအင်ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် တာဝန်ရှိသူများက လေဆိပ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှေးဟောင်းသုတေသန အမျိုးသား ပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း၊ အနုပညာဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးရန်နိုင်ဦး၊သမိုင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဘမောင်၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုး၊ ရှေးဟောင်းသုတေသန အမျိုးသား ပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းလွင်၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့်စာကြည့်တိုက် ဦးစီးဌာန လက်ထောက်ညွှန်ကြား ရေးမှူး ဦးမြင့်ဝင်းတို့က ဆွေးနွေး အကြံပြု မေးမြန်းကြရာ စာတမ်းရှင် များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် မြန်မာသမိုင်းအဖွဲ့ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က စာတမ်းများအပေါ် ဖြည့်စွက် ဆွေးနွေးပြီး မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင်များနှင့် စာတမ်းရှင်များကို အမှတ်တရလက်ဆောင်များပေးအပ်သည်။

ထို့နောက် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးထွန်းအောင်ချိန် ကနိဂုံးချုပ်အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စပိန်က ကမ္ဘာ့ချန်ပီယံ အီတလီကို ပယ်နယ်တီဖြင့်နိုင် ၂၄ နှစ်အတွင်း ပထမဆုံးအကြိမ် အကြိုဗိုလ်လုပွဲတက်

ဗီယင်နာ ဇွန် ၂၃

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ကျင်းပသည့် ယူရို-၂၀၀၈ ဘောလုံးပွဲ စတုတ္ထကွာတားဖိုင်နယ် ရှုံးထွက်ပွဲစဉ်၌ စပိန်အသင်းက ကမ္ဘာ့ချန်ပီယံ အီတလီအသင်းကို ပယ်နယ်တီ အဆုံးအဖြတ် ကန်သွင်းပြီးနောက် လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရကာ အကြိုဗိုလ်လုပွဲသို့တက်ရောက်သွားသည်။

သာမန်ကစားချိန် မိနစ် ၉၀ တွင်ရော၊ အချိန်ပို မိနစ် ၃၀ ၌ပါ ဂိုးမသွင်းနိုင်ကြသဖြင့် ပယ်နယ်တီငါးလုံးစီ ကန်သွင်းခဲ့ကြရသည်။ ပယ်နယ်တီ လေးလုံးစီကန်အပြီးတွင် စပိန်က သုံးလုံးဝင်ပြီး ဒန်နီယယ် ဂူးဇာကန်သည့် ဘောလုံးကို အီတလီ ဂိုးသမားကြီး ဘက်ဖွန်ကာကွယ်ခဲ့သည်။ အီတလီကန်သွင်းသည့် ပယ်နယ်တီ လေးလုံးအနက် ရော့စီနှင့် အန်တိုနီယိုဒီနာတာလီတို့ ကန်သွင်းသည့် ဘောလုံး နှစ်လုံးကို စပိန်ဂိုးသမား ကာဆီလက် ပုတ်ထုတ်ကာကွယ်လိုက်နိုင်သည်။ စပိန်အတွက် ပဉ္စမမြောက် ပယ်နယ်တီဘောလုံးကို ဖာဘရီ ဂက်စ်က အမှားအယွင်းမရှိ ကန်သွင်းနိုင်၍ အီတလီတို့ နောက်ဆုံး ပယ်နယ်တီကန်စရာ မလိုတော့ဘဲ စပိန်က ၄း၂ ဖြင့် အနိုင်ရသွားသည်။ စပိန်အတွက် အဆုံးအဖြတ် ပယ်နယ်တီကန်သွင်းခဲ့သူ အာဆင်နယ် ဘောလုံးသမား ဖာဘရီဂက်စ်က "ကျွန်တော့်ဘဝမှာ အရေးကြီးတဲ့ ဂိုးတစ်ဂိုးပါပဲ။ မျှတတဲ့ ဒီပွဲမှာ ကျွန်တော်တို့ အနိုင်ရခဲ့ပါတယ်"ဟူ၍ ပြောကြားသွားသည်။

စပိန်အသင်းအဖို့ အရေးပါသည့် အဓိကနိုင်ငံတကာဘောလုံးပြိုင်ပွဲ၌ အကြိုဗိုလ်လုပွဲအဆင့်သို့ ၂၄ နှစ်အတွင်း ပထမဆုံးအကြိမ်တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အိုလံပစ်ပြိုင်ပွဲမှအပ အီတလီအသင်းကို အဓိကနိုင်ငံတကာပြိုင်ပွဲ၌ပထမဆုံး အကြိမ် အနိုင်ရခြင်းလည်း ဖြစ်သည်။

စပိန်အသင်းသည် ပယ်နယ်တီ အဆုံးအဖြတ် ကန်သွင်းရာ၌ ကံမလိုက်သော၊ ကံဆိုးသော အသင်း အဖြစ် နာမည်ကြီးခဲ့သည်။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် တောင်ကိုရီးယားအသင်းကို ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် ရှုံး၍ ထွက်ခဲ့ရသည်။ ယခု အီတလီနှင့်ပွဲတွင်မူပယ်နယ်တီကန်ရာ၌ ကံတရားက စပိန်အသင်းကို မျက်နှာသာပေးလိုက်ခြင်းဖြစ်သည်။

ယူရို-၂၀၀၈ အကြိုဗိုလ်လုပွဲများ အဖြစ် ဇွန် ၂၅ ရက်တွင် ဂျာမနီနှင့် တူရကီ၊ ဇွန် ၂၆ ရက်တွင် ရုရှားနှင့် စပိန်တို့ ကစားကြမည်ဖြစ်သည်။

အမ်အင်အေ၊အင်တာနက်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၆-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"လောကသုံးပါးကိုရှုခြင်း"တရားတော် [ဆရာတော်အရှင်ဇဝန(မေတ္တာရှင်)]
၈း၀၀ - ၂း၀၀	ဟူးကောင်းချိုင့်ဝှမ်းမှ ဆင်သုတေသနလုပ်ငန်း
၈း၂၀ - ၂း၂၀	တေးဂီတအစီအစဉ်
၈း၂၅ - ၂း၂၅	Sunday Talk
၉း၁၀ - ၃း၁၀	ရွှင်မြူးသီကြွေးကဗျာတေး(ကျောင်းသွားဖော်)
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀ - ၃း၃၀	ကျန်းမာရေးအတွက် သန့်(၄)သန့်(အပိုင်း-၂)
၉း၅၅ - ၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀ - ၄း၀၀	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ချိုချိုစိမ့်စိမ့် ကိတ်လိပ်ပြုလုပ်နည်း)
၁၀း၁၀ - ၄း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅ - ၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀ - ၄း၂၀	မြန်မာစာ၊မြန်မာစကား(၁)
၁၀း၃၀ - ၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅ - ၄း၃၅	ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ် (လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ်) (ဒါရိုက်တာ-စိုးကျော်ဆန်း)
၁၀း၅၅ - ၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅ - ၅း၀၅	MRTV-4 စာအုပ်စင်ကဏ္ဍ (ဆရာဦးကံမြင့်နှင့် တွေ့ဆုံခြင်း)
၁၁း၂၅ - ၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀ - ၅း၃၀	နေထိုင်မှုဝင့်ကြွား အဆင့်မြင့်အိမ်ရာစီမံကိန်းများ (Sakura Residence)
၁၁း၅၅ - ၅း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀ - ၆း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅ - ၆း၀၅	နှလုံးကျန်းမာ သက်ရှည်ရန် သိဖွယ်နည်းလမ်းများ(တတိယပိုင်း) (ပါမောက္ခ ဒေါက်တာမြသိန်းဟန်)
၁၂း၂၅ - ၆း၂၅	Music Gallery မေလာ၏ အနုပညာသက်တမ်း(၂၅)နှစ်ပြည့် Live Show
၁၂း၄၅ - ၆း၄၅	ဆီထွက်သီးနှံများထဲမှ 'ဆီအုန်း'
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၆-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်း ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အကပြိုင်ပွဲ
- ၈း၀၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈း၂၀ ၆။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၈း၃၀ ၇။ International News.
- ၉း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ နှောင်းခတ်တေးပဒေသာ
- ၄း၁၅ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၂၀ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄း၃၅ ၅။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၄း၅၅ ၆။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၅း၁၅ ၇။ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ
- ၆း၀၀ ၈။ ညနေခင်းသတင်းများ
- ၆း၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၀။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆း၅၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇း၂၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာများနှင့် လှည့်ကွက် (အပိုင်း-၆)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့ (အပိုင်း-၆)**
- ၁၇။ အစီအစဉ်ပြီး၏။

အတည်ပြုချိန် ၃း၁၀

အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ၁၅ ဦး သေဆုံးခဲ့ရာ ပုံတွင် ဒဏ်ရာရရှိသွားသော ကလေးငယ်အား သယ်ယူလာသည်ကို ဇွန် ၂၂ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိုဘားမားက မက်ကိန်းကို ဦးဆောင်နေကြောင်း နယူးစ်ဝိခ်စစ်တမ်းတွင်ဖော်ပြ

ဝါရှင်တန် ဇွန် ၂၂

ဒီမိုကရက်တစ်ပါတီမှ ဘာရက် အိုဘားမားသည် သမ္မတလောင်းအဖြစ်ရွေးချယ်ခြင်းခံရပြီး နှစ်ပတ်အကြာတွင် ရီပတ်ဘလီကန်သမ္မတလောင်း ဂျွန်မက်ကိန်းကို အသာစီးရလျက်ရှိကြောင်းစစ်တမ်းအသစ်တစ်ခု သောကြာနေ့က ထုတ်ပြန်သော လူထုထောက်ခံမှုတွင် ဖော်ပြသည်။

ဦးဆောင်

နယူးစ်ဝိခ်မဂ္ဂဇင်းက တစ်နိုင်ငံလုံးအတွင်း ကောက်ယူသော စစ်တမ်းတွင် အိုဘားမားသည် မက်ကိန်းအား ၅၁-၃၆ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေကြောင်း ဖော်ပြသည်။ ယင်းအချက်သည်မကြာမီကကျင်းပခဲ့သောအခြေခံ ရွေးချယ်ပွဲတွင်ဟီလာရီကလင်တန်အား အနိုင်ရရှိခဲ့ခြင်းမှ တိုးတက်လာခဲ့ခြင်းဖြစ်ကြောင်းကို ညွှန်းပြနေသည်။

တစ်နိုင်ငံလုံးမှ အရွယ်ရောက်သူ ၁၀၁၀ ကို ၂၀၀၈ခုနှစ် ဇွန်၁၈ရက်မှ ၁၉ရက်အတွင်း မေးမြန်းကောက်ယူခဲ့ခြင်းဖြစ်သည်ဟုနယူးစ်ဝိခ်ကပြောကြားသည်။ လွန်ခဲ့သည့် မေလတွင် နယူးစ်ဝိခ်က ကောက်ယူခဲ့သော စစ်တမ်း၌ အိုဘားမားနှင့် မက်ကိန်းသည် ၄၆ ရာခိုင်နှုန်းစီဖြင့်တူညီစွာရရှိနေကြသည်။ ထို အချိန်ကအိုဘားမားသည်ကလင်တန်နှင့်သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင်လျက်ရှိနေသေးသည့်ကာလဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဆူမားတြား၌ အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

ဂျကာတာ ဇွန် ၂၃

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း ဆူမားတြားကျွန်းတွင် သောကြာနေ့က ရစ်ချက်စတာစကေး ၅ ဒသမ ၃ အဆင့်ရှိသော မြေငလျင်လှုပ်ခဲ့ရာ အပျက်အစီးနှင့် သေဆုံးမှုသတင်း မရရှိကြောင်း အင်ဒိုနီးရှား မိုးလေဝသဌာနက ဖော်ပြသည်။

ပြောကြား

ဂျကာတာမြို့စံတော်ချိန် ၁၇ နာရီ ၁ မိနစ်က ဘန်ကူလူပြည်နယ် မူကိုမူကိုမြို့ အနောက်တောင်ပိုင်း ၅၆ ကီလိုမီတာအကွာ မြေအောက်အနက် ၁၅ ကီလိုမီတာကို ဗဟိုပြု၍ မြေငလျင်လှုပ်ခဲ့ကြောင်း အဆိုပါဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရိက္ခာပို့ယာဉ်တန်းအား တိုက်ခိုက်သည့် သူပုန်များအား ပါကစ္စတန်တပ်ဖွဲ့လိုက်လံချေမှုန်းတိုက်ခိုက်

ပါရာချီနာ (ပါကစ္စတန်)ဇွန် ၂၂

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ဒေသသို့ စားနပ်ရိက္ခာပို့သည့် မော်တော်ယာဉ်တန်းအား တိုက်ခိုက်၍ ထရပ်ကားမောင်းသူ လေးဦးအား သတ်ဖြတ်သွားသော လက်နက်ကိုင်များကိုပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တိုက်ခိုက်ရေး ရဟတ်ယာဉ်များ၏အကူအညီဖြင့်လိုက်လံချေမှုန်းရာ စစ်သွေးကြွငါးဦးကို သုတ်သင်နိုင်ခဲ့ကြောင်း တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

လက်နက်ကိုင်များသည် မော်တော်ယာဉ်တန်းအား ချုံခိုတိုက်ခိုက်၍ ကားမောင်းသမား လေးဦးအား သတ်ပြီးရိက္ခာအပြည့်ပါသော ထရပ်ကားသုံးစီးကို မီးရှို့သွားကြကြောင်း ပါရာချီနာမှ ထိပ်တန်းအစိုးရအရာရှိ တစ်ဦးက ပြောကြားသည်။

ရှီးယိုက်အနွယ်ဝင်များ အများစုနေထိုင်သောအာဖဂန်နယ်စပ်ရှိပတ်ရှိတွန်ဒေသသို့သွားသော မော်တော်ယာဉ်များအား ဆွန်နီ သူပုန်များက တိုက်ခိုက်နေသည်မှာ လပေါင်းများစွာ ကြာခဲ့ပြီဖြစ်သည်။

ထို့ကြောင့် ပြည်သူ့စစ်များသည် ယင်းဒေသသို့သွားသော ထောက်ပံ့ရေးယာဉ်များကို လိုက်လံစောင့်ရှောက်ပေးလျက်ရှိသည်။ ယင်းသို့ စောင့်ရှောက်နေသည့်ကြားမှ ထိုမော်တော်ယာဉ်များမှာ တိုက်ခိုက်ခံလိုက်ရခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ထိုင်းတောင်ပိုင်း၌ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လေးဦးသေဆုံး

ယာလာ(ထိုင်း) ဇွန် ၂၂

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ဗုံးနှင့်သေနတ်များဖြင့် တိုက်ခိုက်မှုနှစ်နေရာ၌ ဖြစ်ပွားမှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး၊ အရပ်သားတစ်ဦးနှင့် ၎င်း၏သုံးနှစ်အရွယ်ကလေးတစ်ဦးတို့သေဆုံးခဲ့ကြောင်း ကြာသပတေးနေ့တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။

နိုင်ငံတောင်ဘက် ပြည်နယ်လေးခုအနက်တစ်ခုဖြစ်သည့် ယာလာပြည်နယ်ရှိ ရော်ဘာခြံတွင် အလုပ်လုပ်ရန် လူတစ်ယောက်သည် ၎င်းမိသားစုနှင့်ဆိုင်ကယ်စီးသွားစဉ် အမ်-၁၆ ရိုင်ဖယ်သေနတ်များနှင့် လူလေးဦးက ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ယင်းဒေသတွင် ၂၀၀၄ ခုနှစ်မှယနေ့အထိ လူ ၃၀၀၀ သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မော်တော်ဆိုင်ကယ် နောက်ခုံတွင် စီးနင်းလိုက်ပါလာသည့် ဇနီးမှာ အသက်ရှင် ကျန်ရစ်ခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

ပတ္တနီပြည်နယ်တွင် ဇွန် ၁၈ ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ရဲအရာရှိ တစ်ဦးနှင့် ၎င်း၏ယာဉ်မောင်း သေဆုံးပြီး ရဲတပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မက္ကဆီကို ညကပွဲရုံ၌ အချင်းဖြစ်ပွား အနည်းဆုံး ၁၂ ဦး သေဆုံး

မက္ကဆီကိုစီးတီး ဇွန် ၂၂

မက္ကဆီကို နိုင်ငံမြို့တော်၌ အရွယ်မရောက်သေးသည့် အရက်သောက်သူ လူငယ် ရာနှင့်ချီ၍ရှိနေသည့် ည ကပွဲရုံတစ်ခုအား ရဲတပ်ဖွဲ့များက ဝင်ရောက်စီးနင်းရာ အနည်းဆုံး လူ ၁၂ဦး သေဆုံးပြီး ၁၈ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အရွယ်မရောက်သေးသူများ အပါအဝင် လူငယ်ကိုးဦးနှင့် ရဲတပ်ဖွဲ့ဝင်သုံးဦးသည် အခင်းဖြစ်ပွားရာ ကပွဲရုံအတွင်း၌ အသက်ရှူကျပ်မှုကြောင့် သေဆုံးခဲ့ရသည်။ ဆေးရုံ၌လည်း အသက် ၁၅ နှစ်နှင့် ၁၈ နှစ်အရွယ်ရှိ လူငယ်နှစ်ဦး ထပ်မံသေဆုံးခဲ့ကြောင်း မက္ကဆီကိုစီးတီး ရှေ့နေချုပ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အင်္ဂါဂြိုဟ် စူးစမ်းရေးယာဉ် ဖီးနစ်မှ ပို့လိုက်သည့် ဂြိုဟ်ပေါ်၌ ရေရှိသည်ဆိုသော အထောက်အထားကိုဖော်ပြသည့်ဓာတ်ပုံနှစ်ပုံကိုတွေ့ရစဉ်။ *[ထိုဓာတ်ပုံများကို နာဆာ အာကာသစူးစမ်း လေ့လာရေးစခန်းမှ ဇွန် ၂၀ရက်တွင် ထုတ်ပြန်သည်။] (ဓာတ်ပုံ-အင်တာနက်)*

စကော့တလန်၌ ဆေးလိပ်ဖြတ်ရန် စည်းရုံး ဆေးလိပ်ဖြတ်လျှင် ပေါင် ၅၀တန် ဈေးဝယ်ခွင့်ပေး

လန်ဒန် ဇွန် ၂၂

စကော့တလန် မြို့ကြီးအချို့တွင် ဆေးလိပ်သောက်သုံးသူများကို ဆေးလိပ်ဖြတ်ပါက တစ်လလျှင် ပေါင် ၅၀တန်သောအစားအသောက်ဝယ်ယူခွင့် ကူပွန်များပေး၍ စည်းရုံးလျက်ရှိကြောင်း အမျိုးသား ကျန်းမာရေးဌာန(အန်အိတ်ချ်အက်စ်)က စနေနေ့တွင် ပြောကြားသည်။

ဆေးလိပ် သောက်သူများသည် ဆေးလိပ်ဖြတ်ပြီးကြောင်းသက်သေပြရန်အတွက် အပတ်စဉ် ကာဗွန်မိုနောက်ဆိုက် အသက်ရှူစမ်းသပ်နည်းဖြင့် စမ်းသပ်ခြင်းကို အောင်မြင်ရမည်ဖြစ်သည်ဟု အန်အိတ်ချ်အက်စ်က ပြောကြားသည်။

ဆေးလိပ်ဖြတ်နေသောကာလသုံးလအတွင်းကုန်စုံဆိုင်မှပစ္စည်းများဝယ်ယူရန် အကြွေးဝယ်ကတ် ရရှိမည်ဖြစ်သည်။ သို့သော်၎င်းတို့သည် ထိုကြွေးဝယ်ကတ်ဖြင့် အရက်နှင့် ဆေးလိပ်ကိုဝယ်ယူခွင့်မရရှိပေ။

အမျိုးသားကျန်းမာရေးဌာန၏ဒုတိယ ညွှန်ကြားရေးမှူး ပေါလ်ဘောလ်လတ်က ယခုကဲ့သို့ မက်လုံးပေးခြင်းဖြင့် လူများဆေးလိပ်သောက်ခြင်းကိုစွန့်လွှတ်ရန်ဆွဲဆောင်နိုင်လိမ့်မည်ဟုမျှော်လင့်ကြောင်းပြောကြားသည်။

အမ်အန်အေ၊ရိုက်တာ။

တရုတ်နိုင်ငံတွင် လေဆင်နှာမောင်းတိုက် အိမ် ၆၅၀ ပျက်စီး၊ တစ်ဦးသေဆုံး

ပေကျင်း ဇွန် ၂၂

တရုတ်နိုင်ငံအတွင်း လေဆင်နှာမောင်းတိုက်ခတ်ရာငါးမိနစ်အတွင်းအိမ် ၆၅၀ ပျက်စီးပြီး လူတစ်ဦး သေဆုံးကြောင်းနိုင်ငံသတင်းဌာနကတနင်္ဂနွေနေ့တွင် ပြောကြားသည်။

လေဆင်နှာမောင်းသည် အွန်ဟိုင်းပြည်ကိုစနေနေ့ကတိုက်ခတ်ရာတရုတ်ငွေယွမ်၁၈ဒသမ၅သန်း(အမေရိကန်ဒေါ်လာ၂ဒသမ၇သန်း) ဆုံးရှုံးသည်။

လင်ဘိုင်ခရိုင်ကိုလေဆင်နှာမောင်းတိုက်ပြီးနောက် ပြင်းထန်စွာ ဒဏ်ရာရသူရှစ်ဦးအပါအဝင်၄၅ဦးကို ဆေးရုံသို့ ပို့ပေးခဲ့ရသည်ဟု ဆင်ဟွာသတင်းဌာနကပြောကြားသည်။ အသက် ၇၆နှစ်အရွယ်ရွာသားတစ်ဦးမှာဆေးရုံသို့ပို့စဉ်လမ်းမှာသေဆုံးသွားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း အီလိုလိုမြို့အနီး ဂျာရိုမြစ်အတွင်းမှ ရေဘေးဒုက္ခသည် အဘွားအိုတစ်ဦးအား ကယ်ဆယ်ရေးသမားများက ဇွန် ၂၁ရက်တွင် ကယ်ဆယ်နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

"မေတ္တာခြုံ လုံပါပေ့"

ကျော်စိုး (ကျိုက်မရော) ၏

(ဆောင်းပါး) စာမျက်နှာ-၆၇

"ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့မှ လေဘေးသင့်ပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ လူမျိုးဘာသာမရွေး တိုင်းရင်းသားပြည်သူတို့၏ မေတ္တာ စေတနာ အရင်းခံတရားတို့ဖြင့်လည်းကောင်း၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရများ အပါအဝင် လူမျိုးဘာသာမရွေး နိုင်ငံတကာပြည်သူတို့၏ လူသားချင်း စာနာထောက်ထားမှုဟူသော မေတ္တာတရားတို့ဖြင့်လည်းကောင်း၊ စားဝတ်နေမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ လုံခြုံစွာရရှိနေသကဲ့သို့ မိမိတို့၏ လူမှုစီးပွားဘဝ ပြန်လည်ရှင်သန် ဖွံ့ဖြိုးလာစေရေးအတွက် အနာဂတ်ခရီးဆက်နိုင်ရန် ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ဖြင့် အားယူလျက်ရှိ။"